**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

**ဒသမနေ့မှတ်တမ်း**

**၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**

**(၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန် ၊ ၁၀း၀၅။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့အစီအစဉ် စတင်ပါတော့မယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၂၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပဉ္စမပုံမှန် အစည်းအဝေး ဒသမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ ၇-၁၁-၂၀၁၂ ရက်နေ့တွင် အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တက်ရောက် ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၉ ဦးရှိပြီး ယခင်ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၆ ဦးရှိပြီး စုစုပေါင်းကိုယ်စားလှယ် ၄၂ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၆ ဦးတွင် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်း၊ ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်၊ ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၁၄ ဦး၊ ခွင့်၊ ၃ ရက် တိုင်ကြားသူကိုယ်စားလှယ် ၂ ဦး စုစုပေါင်း ၁၆ ဦး ရှိပါတယ်။ ကိုယ်စားလှယ် ၁၆ ဦးက အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊

(၂) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်၊

(၃) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင်၊

(၄) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်၊

(၅) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင်၊

(၆) ဇဗ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၊

(၇) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်၊

(၈) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊

(၉) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ၊

(၁၀) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်၊

(၁၁) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့၊

(၁၂) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး၊

(၁၃) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်၊

(၁၄) ဖာပွန်မဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်၊

(၁၅) တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ကိုကို၊

(၁၆) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း တို့သည် ခွင့်အသီးသီး တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်

ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ဦးစွာ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်းအားမေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ဆရာ ဆရာမများအားနိုင်ငံတော်မှ လစာပေးမည့် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များခင်ဗျား။ ကျန်းမာ၊ ချမ်းသာပါစေလို့ ဆန္ဒပြုရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ကသာမဲဆန္ဒနယ်မှပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ များနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာဆရာမများနှင့် ပတ်သက်သည့်မေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတွင်း မြို့နယ်အချို့မှာလူငယ် ဖွံ့ဖြိုးရေး ပရဟိတဂေဟာများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဟာ ခိုကိုးရာမဲ့လူငယ်များအားပြုစု ပျိုးထောင်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေကာ ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါကျောင်း များမှ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံတော်အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများတွင် မိမဲ့၊ ဘမဲ့၊ ခိုကိုးရာမဲ့ ကလေးသူငယ်များအား ကလေးစောင့်ရှောက်ထားရှိမှု အရေအတွက်ပေါ်မူတည်ပြီး

ဂေဟာအဆင့်များသတ်မှတ်ကာ ဆန်နှင့်စားစရိတ်၊ ဝတ်စုံစရိတ်များ နိုင်ငံတော်က ထောက်ပံ့ပေးလျက်ရှိကြောင်းသိရှိရပါတယ်။ အချို့သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများဟာ ကလေးသူငယ်များအား ပညာသင်ကြားရေးကိုပါ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ဆရာ၊ ဆရာမများသည် လစာငွေ သို့မဟုတ် ထောက်ပံ့ကြေးငွေ အနည်းငယ်မျှပင် နှစ်ရှည်လများအနစ်နာခံကာ မိဘမဲ့ကလေးများအား ပညာသင်ကြားပေးလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ဆရာ၊ ဆရာမများအား နိုင်ငံတော်မှလစာပေးမည့်အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းလျက် ဦးစွာဂါရဝပြု ဆုတောင်းအပ်ပါတယ်ရှင့်။ ကျွန်မကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းမေးမြန်းတဲ့ နိုင်ငံတော်အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဆရာ၊ ဆရာမများအား နိုင်ငံတော်မှ လစာပေးမည့် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ်ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုဝန်ထမ်းဆိုင်ရာမူဝါဒများနှင့်အညီ လူမှုဝန်ထမ်းလုပ်ငန်းကြီး ၈ ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စေတနာဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်တဲ့အနေဖြင့် အဆိုပါအဖွဲ့အစည်းများအား ထောက်ပံ့ကြေးနှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီများကို ပံ့ပိုးပေးလျက်ရှိပါတယ်။ ၁၉၅၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ခွင့်ပြုသတ်မှတ်ထားတဲ့အတိုင်း ပြည်သူလူထုအတွက် လူမှုဝန်ထမ်းလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး ရည်ရွယ်ချက်နှင့်အညီ စေတနာ့ဝန်ထမ်းလူမှုဝန်ထမ်းအဖွဲ့အစည်းများအား ကြီးကြပ်၍ ထောက်ပံ့ကြေးများပေးရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ၁၉၅၃ - ၁၉၅၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်အစိုးရနှင့် လူမှုဝန်ထမ်းဦးစီးဌာနသည် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မသန်စွမ်းဂေဟာ၊ ဘိုးဘွားရိပ်သာ၊ အမျိုးသမီးဂေဟာစတဲ့ စေတနာဝန်ထမ်းအဖွဲ့အစည်းများအား စိစစ်ကာ အသိအမှတ်ပြုပြီး ပထမအဆင့်ဂေဟာအား ဆန်ဖိုးငွေထောက်ပံ့ခြင်း၊ ဒုတိယအဆင့်ဂေဟာအား ဆန်ဖိုးငွေ၊ စားစရိတ်နှင့် ဝတ်စုံစရိတ်ထောက်ပံ့ခြင်း၊ တတိယအဆင့်ဂေဟာအား ဆန်ဖိုးငွေ၊ စားစရိတ်၊ ဝတ်စုံစရိတ်နှင့် ဂေဟာမှူးလစာများ

အား ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဂေဟာနေ ကလေး၊ လူငယ်၊ အမျိုးသမီး၊ ဘိုးဘွားများအား နိုင်ငံတော်မှ တစ်ဦးအတွက် တစ်နစ်လျှင် ဆန်ဖိုးငွေ ၁၁၂၅၀ ကျပ်၊ စားစရိတ် ၁၈၂၅၀ ကျပ်၊ ဝတ်စရိတ် ၅၀၀၀ ကျပ်၊ ဂေဟာမှူးလစာ ၁၈၀၀၀၀ ကျပ်တို့ကို အဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး ထောက်ပံ့ပေးလျက်ရှိပါတယ်။ စေတနာဝန်ထမ်း ပရဟိတဂေဟာများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများသည် စေတနာ့ဝန်ထမ်းများဖြစ်ပြီး လက်ရှိတွင် နိုင်ငံတော်မှ လစာပေးခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**နိုင်ငံတော်တွင် ၁.၃ သန်းရှိသော မသန်စွမ်းသူများအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ အသုံးပြုမှု၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး အားမေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မသန်စွမ်းသူများအဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးစဉ်မှာ သူတို့ကနေတင်ပြပြီးတော့ မေးမြန်းခိုင်းတဲ့ မေးခွန်းများကို မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းတွေကတော့ (၁) နိုင်ငံတော်မှာ လူဦးရေ ၁.၃ သန်းက မသန်စွမ်းသူများဖြစ်နေတဲ့အတွက်ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ သူတို့အတွက် ခွင့်ပြုရန်ပုံငွေကနေ ရာခိုင်နှုန်းဘယ်လောက်သုံးစွဲတယ်ဆိုတဲ့မေးခွန်း မေးမြန်းလိုပါတယ်။ (၂) အနေနဲ့ မသန်စွမ်းသူများအနေနဲ့ အသင်းအဖွဲ့များဖွဲ့စည်းတဲ့အခါမှာ ကျွန်တော်တို့ အခြား အသင်းအဖွဲ့များနည်းတူ ပြည်ထဲရေးဝန်ကြီးဌာနမှာ မှတ်ပုံတင်ခြင်းအားဖြင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ပြုဖို့နဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ သီးခြားမှတ်ပုံတင်ခြင်းကိစ္စကို ဖြေလျော့ပေးဖို့ အစီအစဉ်ရှိ၊ မရှိ သိလိုပါတယ်။ (၃) အနေနဲ့ မသန်စွမ်းသူများမှတ်ပုံတင်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကနေပြီးတော့ သီးခြားပြုလုပ်ပေးဖို့ အစီအစဉ်ရှိမရှိ သိလိုပါတယ်။ (၄) အနေနဲ့ မသန်စွမ်းသူများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနကနေ ဆောင်ရွက်နေတဲ့ ဥပဒေကို ဘယ်အချိန်မှာထုတ်ပြန်ပေးမယ်ဆိုတဲ့ အဖြေကိုသိလိုပါတယ်။ (၅) အနေနဲ့ နိုင်ငံတကာမှာမသန်စွမ်းမှုနှင့်ပတ်သက်ပြီးတော့ ၈ မျိုးသတ်မှတ်ထားပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လောလောဆယ် ၄ မျိုးသတ်မှတ်ထားပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သတ်မှတ်ထားတဲ့ ၄ မျိုးက ကိုယ်အင်္ဂါမသန်စွမ်းမှု၊ အမြင်အာရုံချို့ယွင်းသူများ၊ အကြားအာရုံချို့ယွင်းသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများဆိုပြီးတော့ ၄ မျိုးဖြစ်ပါတယ်။ WHO ကသတ်မှတ်ထားတဲ့ နောက်ထပ် ၄ မျိုးကတော့ မသန်စွမ်းမှုတစ်ခုထက်ပိုပြီးတော့ဖြစ်တဲ့ လူတွေကတစ်မျိုးဖြစ်ပါတယ်။ ဒုတိယအချက်က ဝက်ရူးပြန်တဲ့အတက်ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်တဲ့လူတွေကိုလည်း ထည့်သွင်းပြီးတော့ သတ်မှတ်ပေးပါတယ်။ တတိယကတော့ ထူးဆန်းတဲ့အပြုအမူရှိတဲ့ လူတွေကိုလည်း မသန်စွမ်းမှုတွေအနေနဲ့ သတ်မှတ်ပေးပါတယ်။ (၄) အချက်အနေနဲ့ စိတ်ဝေဒနာရှင်များကို သတ်မှတ်ပေး

ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ မူလသတ်မှတ်ထားတဲ့ ၄ မျိုးအပြင် နိုင်ငံတကာမှာသတ်မှတ်နေတဲ့ ကျန်တဲ့ ၄ မျိုးကို သတ်မှတ်ပေးဖို့ အစီအစဉ်ရှိ၊ မရှိ သိလိုပါတယ်။ နောက်ဆုံး (၆) မေးခွန်းအနေနဲ့ နိုင်ငံတကာမှာအထူးသဖြင့် အာဆီယံနိုင်ငံတွေမှာ မသန်စွမ်းသူများကို ဝန်ထမ်းအနေနဲ့ ၁ ရာခိုင်နှုန်းကနေ ၁.၅ ရာခိုင်နှုန်းအထိ တာဝန်များပေးလျက်ရှိပါတယ်။ လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ အာဆီယံနိုင်ငံအားလုံးဟာ တစ်ပြေးညီ ၂ ရာခိုင်နှုန်းအထိ တိုးမြှင့်ဖို့အစီအစဉ်ရှိကြောင်းသိရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဝန်ထမ်းခန့်ခြင်းနှင့်ပတ်သက်လို့ မည်သည့်အစီအစဉ်ရှိကြောင်း သိရှိလို၍ မေးမြန်းခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းတဲ့မသန်စွမ်းသူများအတွက် ရန်ပုံငွေသုံးစွဲမှု၊ အသင်းအဖွဲ့ဖွဲ့စည်းမှု၊ မှတ်ပုံတင်မှု၊ ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးနှင့် မသန်စွမ်းသူများအား ဝန်ထမ်းခန့်ထားမှုကိစ္စရပ်များနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်ရှိ မသန်စွမ်းသူများဖွံ့ဖြိုးရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခွင့်ပြုရန်ပုံငွေမှာ ၅၁၆၉.၂၂ သန်းဖြစ်ပြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ ဖွင့်လှစ်ထားသော မသန်စွမ်းအထူးကျောင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော မသန်စွမ်းကျောင်းများအတွက် ဘဏ္ဍာငွေကျပ် ၄၆၁.၈၉၈ သန်း၊ ရာခိုင်နှုန်း အားဖြင့် ၈.၉၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပါတယ်။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းကိစ္စကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် သီးခြားမှတ်ပုံတင်ခြင်း လုပ်ငန်းဆောင်ရွက်မှုမရှိပါကြောင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရေးဆွဲလျက်ရှိတဲ့ မသန်စွမ်းသူများအတွက် ဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံတွင် မသန်စွမ်းမှုအမျိုးအစားကို တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသေးပါကြောင်းနှင့် သက်ဆိုင်ရာဌာနများ၊ မသန်စွမ်းအသင်း အဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်အတွက်လည်း အစီအစဉ်ရှိပါတယ်။ မသန်စွမ်းသူများအတွက် ရေးဆွဲထားသော ဥပဒေမူကြမ်းတွင် အလုပ်ခန့်ထားရမယ့် ဝေပုံကျအချိုး

အစားကိုလည်း ထည့်သွင်းရေးဆွဲထားပါ ကြောင်းနှင့် လက်ရှိအနေအထားအရ အလုပ်ခန့်ထားရမယ့် ရာခိုင်နှုန်း သတ်မှတ်ထားခြင်းမရှိ ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**National Road Safety Council ဖွဲ့စည်းခြင်းရှိမရှိ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားကို ထပ်မံတိုးချဲ့ဖွဲ့စည်းရန် ရှိမရှိ စည်းကမ်းဖောက်ဖျက်၍ အရေးယူဒဏ်ရိုက်ထားခြင်းမှ ရရှိသောဒဏ်ငွေများကို မည်သည့်နေရာများတွင်သုံးစွဲနေသည်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်းကိုယ်စား တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေကမေးမြန်း ဖို့ဖြစ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနိုင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မံစီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်းရဲ့ကိုယ်စား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းခြင်းနှင့်ပတ်သက်သော မေးခွန်းကိုတင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှု များကို လေ့လာခဲ့ရာမှာ ဖြစ်ပွားမှုအကြိမ်ရေ ၈၀၀၀ ကျော်ရှိခဲ့ပြီး ဒဏ်ရာရရှိသူပေါင်း ၁၄၀၀၀ ကျော်နှင့် သေဆုံး သူ ၂၄၀၀ ကျော် ရှိခဲ့ကြောင်းတွေ့ရှိရပါတယ်။ တစ်ရက်ပျမ်းမျှ ယာဉ်မတော်တဆမှု ၃၁ ကြိမ်ခန့်ဖြစ်ပွားပြီး လူ ၅၃ ဦး ကျော် ဒဏ်ရာရရှိကာ နေ့စဉ်သေဆုံးမှု ၉ ဦးခန့်ရှိနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် UN ကလည်း WHO အား ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရရှိမှုကို HIV, AIDS, TB၊ ငှက်ဖျား ရောဂါများကဲ့သို့ပင် ကမ္ဘာ့ကျန်းမာရေးပြဿနာများတွင် ထည့်သွင်းဆောင်ရွက်သင့်မည်ဟု ညွှန်ကြားထား သည်ကိုလေ့လာတွေ့ရှိရပါတယ်။ ဒေသအလိုက် အများဆုံးဖြစ်ပွားရာမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများဖြစ်သည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်လက်ရှိ မြန်မာနိုင်ငံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းခြင်းလုပ်ငန်းများကို National Plan တစ်ခုအဖြစ် သတ်မှတ် ဆောင်ရွက်သင့်နေပြီလို့ ထင်မြင်ယူဆပါတယ်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် မော်တော်ယာဉ်စီးရေများပြားလာသလို ယာဉ်ကြောပိတ်ဆို့မှုများ၊ စည်းကမ်း ဖောက်ဖျက်သည့်ယာဉ်များ ပိုမိုများပြားလာသည်ကိုတွေ့ရှိနေရပါတယ်။ ယာဉ်စည်းကမ်းဖောက်ဖျက်၍ အရေးယူဒဏ်ရိုက်နေသည် ကိုလည်းကြားသိနေရပါတယ်။ ၎င်းဒဏ်ကြေးငွေများ တစ်လလျှင် သိန်းရာချီပြီးရနေကြောင်းလည်း သိရှိရ ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အလားတူဒဏ်ကြေးငွေများ ရရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့အချက်များမှာ ရရှိတဲ့ဒဏ်ကြေးငွေများကို ပြည်သူလူထုအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရာနှုန်းပြည့်သုံးစွဲရမည်ဖြစ်ရာ ယခုဒဏ်ကြေးရရှိတဲ့ဝင်ငွေ

များအား မည်သည့် နေရာတွင် သုံးစွဲနေသည်ကို သိရှိလိုပါကြောင်းနှင့် မြန်မာနိုင်ငံတွင် (NRSC) National Road Safety Council ဖွဲ့စည်းပြီး၊ မပြီးသိရှိလိုပါတယ်။ ဒါ့အပြင် လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်ထိန်း ရဲတပ်ဖွဲ့အင်အားကို ထပ်မံတိုးချဲ့ဖွဲ့စည်းရန် အစီအစဉ်ရှိမရှိနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့တိုးချဲ့ဖွဲ့စည်းမယ့်အစီအမံကို သိရှိလိုပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[မုံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်းကိုယ်စား တနိုင်မဲဆန္ဒနယ်မှ ဦးမျိုးဆွေက မေးမြန်း ပါသည်။]

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ကချင်ပြည်နယ်၊ မုံစီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်းရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ရုရှားဖက်ဒေးရှင်းနိုင်ငံ မော်စကိုမြို့မှာ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိကျင်းပခဲ့တဲ့ ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေးဝန်ကြီးအဆင့် အစည်းအဝေးမှာ ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှုများထက် ၂၀၂၀ ခုနှစ်မှာ ၅၀ ရာခိုင်နှုန်းလျော့ချရန် ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။ အာဆီယံနိုင်ငံများက ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိကို Decate of action for road safety အဖြစ်သတ်မှတ်ပြီး ယာဉ်မတော်တဆမှုများလျော့နည်းကျဆင်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ရုံးရဲ့ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ ရက်စွဲပါစာအရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှဦးစီး၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်လမ်းညွှန်ခဲ့ပါတယ်။ အဲဒီလမ်းညွှန်ချက်အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အမျိုးသားယာဉ်အန္တရာယ် ကင်းရှင်းရေးစီမံချက် ၂၀၁၀-၂၀၁၅ မူကြမ်းကိုရေးဆွဲခဲ့ပြီး အတည်ပြုနိုင်ရန်နှင့် နိုင်ငံတော်အဆင့် လမ်းအန္တရာယ်ကင်းရှင်းရေးအမျိုးသားကော်မတီကို ဖွဲ့စည်းပေးနိုင်ရန် ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှာ ဝန်ကြီးချုပ်ရုံးကိုတင်ပြခဲ့ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်တိုက်ခိုက်မှုလျော့နည်းကျဆင်းရေး လုပ်ငန်းများကို နိုင်ငံအတွင်းမှာရှိတဲ့ သက်ဆိုင်ရာဌာနများ၊ အာဆီယံနိုင်ငံများ၊ UN အဖွဲ့အစည်းများတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ Road Safety ဖြစ်စေရန် လူ၊ ယာဉ်၊ ရာသီဥတုနှင့်လမ်းအခြေအနေကောင်းမွန်ဖို့ လိုအပ်ပါတယ်။ လမ်းအသုံးပြုသူများမှာ အရေးအပါဆုံးကဏ္ဍကပါဝင်တဲ့ ယာဉ်မောင်းများကို ယာဉ်မောင်းလိုင်စင်ထုတ်ပေး

ရာမှာလည်း စနစ်တကျလေ့ကျင့်သင်ကြားပြီး လက်တွေ့၊ စာတွေ့ စစ်ဆေးပြီးမှသာ ထုတ်ပေးလျက်ရှိပါတယ်။ ယာဉ်မောင်းသင်တန်းကျောင်းများကိုလည်း အစိုးရပိုင်း သာမက ပုဂ္ဂလိကသင်တန်းကျောင်းများပါ ထူထောင်ခွင့်ပေးထားပါတယ်။ ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးရာမှာလည်း နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့တွေမှာ စစ်ဆေးရေး Simulator များနှင့်စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်မောင်းလိုင်စင်များကိုလည်း ယခင်က စက္ကူကတ် များကိုအသုံးပြုရာမှ လုံခြုံမှုပိုမိုကောင်းမွန်တဲ့ Smart Card များအဖြစ် ၂၀၁၀ ခုနှစ်၊ မတ်လမှ စတင်ပြီးထုတ်ပေးခဲ့ပါတယ်။ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းနည်းစနစ် ၅ မျိုးနှင့်လည်း ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်မတော်တဆမှုများဖြစ်ပွားရခြင်းမှာ ယာဉ်ထိန်းသိမ်းမှုစနစ် ကောင်းမွန်မှုမရှိခြင်း၊ ဘရိတ်နှင့်ပတ်သက်တဲ့ စက်ကိရိယာဆက်စပ်ပစ္စည်းများ ချို့ယွင်းခြင်း၊ ကားဘီးနှင့်တာယာများ ကောင်းမွန်မှုမရှိခြင်း၊ အရက်သေစာသောက်စားပြီးမောင်းနှင်ခြင်း၊ ကားမောင်းနေစဉ်အိပ်ငိုက်ခြင်း နှင့် မောင်းနှင်ရန်သတ်မှတ်ပေးထားထက်မိုင်နှုန်းထက်ပိုမိုမောင်းနှင်ခြင်းစတဲ့ ၅ ချက်က တစ်ချက်ချက်ချို့ယွင်းခဲ့ရင် ယာဉ်အန္တရာယ်ဖြစ်ပြီး အသက်ဆုံးရှုံးနိုင်ပါတယ်။ ယာဉ်မတော်တဆမှု များကို လေ့လာရာမှာ ယာဉ်မောင်းသူတို့ရဲ့ပေါ့ဆမှုကြောင့်ဖြစ်ပွားခဲ့သလို လမ်းအသုံးပြုသူ ခြေလျင်လမ်းလျှောက်သွားလာသူများနဲ့ အနေးယာဉ်များရဲ့စည်းကမ်း မလိုက်နာမှုကြောင့် ဖြစ်ပွားခဲ့တာကို လည်းတွေ့ရှိရပါတယ်။ လမ်းအသုံးပြုမှုနှင့် ခြေလျင်လမ်းလျှောက်သူများအနေနဲ့လည်း လူကူးမျဉ်းကြားမှသာ အချက်ပြထိန်းသိမ်းမှုစနစ်အတိုင်း စည်းကမ်းတကျလမ်းဖြတ်ကူးပါက ယာဉ်မတော်တဆမှုကြောင့် မလိုအပ်တဲ့ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ များစွာလျော့နည်း ပပျောက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးများနှင့်ပြည်နယ်များမှာ တိုးတက်များပြားလာတဲ့ လူဦးရေ၊ ယာဉ်စီးရေနှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် လက်ရှိဖောက်လုပ် ထားတဲ့လမ်းများကိုချဲ့ထွင်ဖို့နဲ့ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လူကူးကုန်းကျော်တံတားများ ဆောက်လုပ်ဖို့ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုနည်းတူစွာ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီး ဌာနလက်အောက်မှာရှိတဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အာဆီယံရဲ့ရည်မှန်းချက် (Goal of ASEAN) ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ ယာဉ်တိုက်မှုကြောင့် သေဆုံးနှုန်းကို ထိထိရောက်ရောက်လျှော့ချနိုင်စေရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ လမ်းအန္တရာယ်ကင်းရှင်းရေးဟာ ဥပဒေ၊ နည်းဥပဒေ ထုတ်ပြန်တဲ့ ဌာနအဖွဲ့အစည်း၊ အဲဒီလို ထုတ်ပြန်ထားတဲ့ဥပဒေများကို လိုက်နာဖို့ စည်းကြပ်ကွပ်ကဲတဲ့ဌာနအဖွဲ့အစည်းများနှင့် ဥပဒေကိုလိုက်နာရမယ့် ပြည်သူလူထုတို့ အတူတကွပူးပေါင်းလုပ်ဆောင်မှသာ အောင်မြင်နိုင်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းဖို့အတွက် 5 Es System နှင့်ဆောင်ရွက်လျက်ရှိရာမှာ အဲဒီနည်းစနစ်များအောင်မြင်စေဖို့ 4 Ps ဖြစ်တဲ့ တာဝန်ရှိသူများအပါအဝင် ပြည်သူအားလုံးသိရှိမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများကို မူဝါဒအရ မှန်ကန်စွာသတ်မှတ်ပေးနိုင်မှု စည်းကမ်းထိန်းသိမ်းသူရော၊ စည်းကမ်း လိုက်နာသူများကပါ မိမိတာဝန်ကို လိုက်နာရန် အလေ့အကျင့်ရှိနေမှု၊ အမူအကျင့်ပြောင်းလဲမှုနှင့် တာဝန်ရှိသူရော ပြည်သူတစ်ရပ်လုံးကပါဝိုင်းဝန်း

ပူးပေါင်း လိုက်နာဆောင်ရွက်မှုတို့ လိုအပ်လျက်ရှိပါတယ်။ လောလောဆယ်မှာ ရထားပို့ဆောင်ရေးဝန်ကြီး ဌာနအနေနဲ့ မူဝါဒချမှတ်ရေးနှင့်ပတ်သက်လို့ Road Safety ဖြစ်ပြီး အများပြည်သူလိုက်နာနိုင်မယ့် ခေတ်နှင့်လျော်ညီတဲ့ ဥပဒေ၊ နည်းဥပဒေဖြစ်စေဖို့ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ရေးဆွဲပြုစုပြီးဖြစ်ရာ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံမှာ အမျိုးသားလမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC - National Road Safety Council) ကိုဖွဲ့စည်းဖို့ စီစဉ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ဒုတိယရဲမှူးကြီးတစ်ဦး၊ ရဲမှူး ၃ ဦး အပါအဝင်၊ အရာရှိ ၂၇၀ ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၂၃၃ ဦးတို့နှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပါအဝင် တိုင်းဒေသကြီးပြည်နယ် အားလုံးမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါ ဖြစ်ပေါ်တိုးတက်လာသော အခြေအနေများနှင့်အညီ လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး နှင့် ယာဉ်မတော်တဆမှုများလျော့နည်းစေဖို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ကို နေပြည်တော်မှာ ယာဉ်ထိန်းရဲ တပ်ဖွဲ့မှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်များမှာ ယာဉ်ထိန်းရဲတပ်ခွဲမှူးရုံးများကို တိုးချဲ့ဖွဲ့စည်းနိုင်ဖို့အတွက် အဆိုပြုဖွဲ့စည်းပုံ ရေးဆွဲထားရှိပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှာ ပြည်ထောင်စု အစိုးရအဖွဲ့ကိုတင်ပြထားရှိပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များရဲ့ အစီအစဉ်အရစီမံ ခန့်ခွဲမှုနည်းလမ်းနဲ့ ဒဏ်တပ်လျက်ရှိရာမှာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှာ ဒဏ်ငွေတပ်ရိုက်မှုကရရှိတဲ့ ဒဏ်ကြေးငွေများကို အချိုးကျခွဲဝေလျက်ရှိပါတယ်။ နေပြည်တော်မှာရရှိတဲ့ ဒဏ်ကြေးငွေများထဲမှ တရားရုံးမှ ၁၀ ရာခိုင်နှုန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ၁၀ ရာခိုင်နှုန်းနှင့် နေပြည်တော်ကောင်စီမှ ၈၀ ရာခိုင်နှုန်း၊ မန္တလေး တိုင်းဒေသကြီးမှ တိုင်းတရားရုံးမှ ၁ ရာခိုင်နှုန်း၊ တိုင်းဥပဒေရုံးမှ ၁ ရာခိုင်နှုန်း၊ မြို့နယ်စည်ပင် တရားရုံးမှ ၁၀ ရာခိုင်နှုန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ၈ ရာခိုင်နှုန်းနှင့် စည်ပင်ဘဏ်မှ ၈၀ ရာခိုင်နှုန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှာ ယာဉ်ထိန်းတပ်ဖွဲ့မှ ၃ ရာခိုင်နှုန်းနှင့် အစိုးရအဖွဲ့မှ ၉၇ ရာခိုင်နှုန်း အချိုးကျခွဲဝေလျက်ရှိပါတယ်။ စည်းကမ်းဖောက်ဖျက်လို့ အရေးယူဆောင်ရွက်မှုနဲ့ရရှိတဲ့ ဒဏ်ကြေးများနှင့်ပတ်သက်လို့ ယခင်က သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ ယခု တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နှင့် မြို့ပြအင်္ဂါရပ်နှင့်အညီဖြစ်စေဖို့ လိုအပ်တဲ့နေရာတွေမှာ သုံးစွဲလျက်ရှိရာမှာ အဲဒီဒဏ်ကြေးငွေများကို အများ ပြည်သူအတွက် အကျိုးပြုစေမယ့် မီးပွိုင့်များ၊ လူကူးမျဉ်းကျားများပြုလုပ်ပေးခြင်း၊ အရေးပေါ်အခြေအနေမှာ ကူညီနိုင်ရန် သူနာပြုယာဉ်များ၊ ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းရန် ကရိန်း၊ ဆယ်တင်ယာဉ်များ၊ ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရာမှာ လိုအပ်တဲ့ အထောက်အကူပစ္စည်းများ စသည်တို့ကို ဝယ်ယူဖြည့်တင်း ပေးခြင်း၊ ပညာပေးလုပ်ငန်းများမှာ သုံးစွဲခြင်းများစသည်ဖြင့် ပြည်သူအကျိုးပြုလုပ်ငန်းစဉ်များအတွက် လိုအပ် သည်များကိုသာ သုံးစွဲလျက်ရှိသည်ကို သိရှိရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။
(ဩဘာသံများ)

**တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်အိမ်ဂရန်များ လျှောက်ထားမှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင့်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ အိမ်ဂရန် အဟောင်း၊ အသစ်၊ ခွဲစိတ်ဂရန်များ ပြုလုပ်ရာမှာ ကြန့်ကြာမှုများ ရှိနေပါတယ်။ ယခင်ကဂရန်များ လျှောက်ထားရာတွင် မြေတစ်ဧကအောက်ကို ခရိုင်အဆင့်တွင် လည်းကောင်း၊ တစ်ဧကနှင့်အထက် ၅ ဧကအထိကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင်လည်းကောင်း လျှောက်ထားရယူနိုင်ခဲ့ပါတယ်။ သို့သော် ယခုအခါမှာ တစ်ဧကမှ ၅ ဧကအထိ ဂရန်အသစ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်အထိ တင်ပြနေရသည့်အတွက် ဂရန်သစ် လျှောက်ထားသူ ပြည်သူလူထုမှာ များစွာအခက်အခဲတွေ့ကြုံနေရပါတယ်။ လက်တွေ့အလုပ်လုပ်ကိုင် သူအဆင့်ဆင့်မှာလည်း များစွာပင်ပန်းခက်ခဲနေလျက်ရှိတာကို တွေ့မြင်နေရပါတယ်ရှင့်။ ယခင် လုပ်ထုံးလုပ်နည်းအရ ဂရန်လျှောက်ထားသူများက ခရိုင်ရဲ့ဆောင်ရွက်မှုကို မကျေနပ်ပါက ရက်ပေါင်း ၆၀ အတွင်း ပြည်နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ ပြည်နယ်၏ ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ရက်ပေါင်း ၉၀ အတွင်း ရုံးချုပ်သို့လည်းကောင်း အယူခံဝင်ရပါတယ်။ ယခုအခါမှာ ဂရန်အသစ်များကို ရုံးချုပ်မှထုတ်ပေးခြင်းဖြစ်၍ နောက်ဆုံးအယူခံအဆင့် ပျောက်ဆုံးနေပါတယ်ရှင့်။ ဂရန်အသစ်များ လျှောက်ထားရာတွင် အချိန်ကြန့်ကြာမှုရှိခြင်း၊ ကျေနပ်မှုမရှိလျှင် အယူခံဝင်နိုင်သည့် နောက်ဆုံးအဆင့် ပျောက်ဆုံးနေခြင်းစသည့်တို့ကြောင့် ဂရန်အသစ်လျှောက်ရန် ပျက်ကွက်လာ၍ နိုင်ငံတော်မှလည်း ဘဏ္ဍာငွေများစွာ နစ်နာဆုံးရှုံးနေလျက်ရှိပါတယ်။ ဒါကြောင့် မေးမြန်းလိုသည်မှာ (၁) ဂရန်အသစ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)အထိ အဆင့်ဆင့် တင်ပြရာတွင် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်များဥပဒေ၊ လက်စွဲဥပဒေ၊ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်များဥပဒေ၊ လက်စွဲဥပဒေများနှင့် ၎င်းနှင့်စပ်လျဉ်းသော ဥပဒေများနှင့် ညီညွတ်မှုရှိ၊ မရှိ သိလိုပါတယ်။ (၂) ဂရန် အသစ်များ လျှောက်ထားသူအနေဖြင့် ပြည်နယ်အဆင့်နှင့် ရုံးချုပ်အဆင့်အထိ အယူခံမှုအခွင့်အရေး ဆုံးရှုံးနေ၍ ရုံးချုပ်၏ဆုံးဖြတ်ချက်ကို မကျေနပ်ပါက မည်သည့်ဌာနအဆင့် အဖွဲ့အစည်းသို့ အယူခံဝင်ရမည်ကို သိရှိလိုပါတယ်။ (၃) ဂရန်အသစ်လျှောက်ထားရာတွင် မူလအဆင့်ဆင့်ပေးထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်သို့ ပြန်လည်လုပ်ပိုင်ခွင့်ပေးနိုင်၊ မပေးနိုင် သိရှိလိုပါတယ်။ (၄) မပေးနိုင်ဆိုပါက အဘယ်ကြောင့်နည်းလို့ သိရှိလိုပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့မေးခွန်းနှင့် စပ်လျဉ်းလို့ ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်း(က)မှာပါတဲ့ ဂရန်အသစ်များ ထုတ်ပေးခြင်းနှင့်ပတ်သက်လို့ ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်များနည်းဥပဒေ ၅၁(ခ)နှင့် ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉(က)အရ ခရိုင်အုပ်ချုပ်ရေးမှူးက မြေဧရိယာ တစ်ဧကအထိ၊ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးက မြေဧရိယာတစ်ဧကအထက်မှ ၅ဧက အထိနှင့် ညွှန်ကြားရေးမှူးချုပ်က မြေဧရိယာ ၅ ဧကအထက်ကို ပုဂ္ဂလိကဂရန်များကို ခွင့်ပြုပေးနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့်လည်း မြေငှားဂရန်ထုတ်ပေးရာမှာ သက်ဆိုင်ရာခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများရဲ့ ကွင်းဆင်းစစ်ဆေးနိုင်မှု အားနည်းခဲ့မှုများကြောင့် ဆွေးမျိုးသားချင်း အချင်းချင်းနှင့် ပုဂ္ဂလိကအချင်းချင်းတို့မှာ မြေယာမှုခင်းများ ဖြစ်ပေါ်လာခဲ့မှုများလာတဲ့အတွက် မြေငှားဂရန်အမှုတွဲများကို မြို့နယ်/ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အဆင့်ဆင့်စိစစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန(ရုံးချုပ်)ကိုတင်ပြစေပြီး မြေဧရိယာ တစ်ဧကအထိကို ညွှန်ကြားရေးမှူးချုပ်ရဲ့ အတည်ပြုချက်နှင့် မြေဧရိယာ တစ်ဧကအထက်ကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ အတည်ပြုချက်တို့နဲ့ ခရိုင်အုပ်ချုပ်ရေးမှူးများက အိမ်မြေဂရန်အသစ်များကို ခွင့်ပြုချက် ထုတ်ပေးလျက်ရှိပါတယ်။ မေးခွန်း(ခ)မှာပါတဲ့ ဂရန်အသစ်လျှောက်ထားသူများ အနေနဲ့ မြေယာအငြင်းပွားမှုများ ဖြစ်ပွားမှုအပေါ် အယူခံအမှုများကိုဆောင်ရွက်ရာမှာ အထက်မြန်မာနိုင်ငံမှာ ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ အမိန့်ကို မကျေနပ်ပါကရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးထံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးရဲ့ အမိန့်ကိုမကျေနပ်ပါက ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်ရောက်ရန်နှင့် အောက်မြန်မာနိုင်ငံမှာတော့ ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ အမိန့်ကို မကျေနပ်ပါက ရက်ပေါင်း ၉၀ အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးထံကို အယူခံဝင်ရောက်နိုင်ပါတယ်။ ကာလစည်းကမ်းသတ်မှတ်ချိန်အတွင်း လျှောက်ထားလာတဲ့ အယူခံအမှုနှင့် ပြင်ဆင်မှုများဖြစ်ပါက အမှုတွဲနှင့်အတူ ရုံးချုပ်ကိုတင်ပြပြီးမှသာ ဆုံးဖြတ်ရန်နှင့် အထက်မှာတင်ပြခဲ့တဲ့ ကာလစည်းကမ်းသတ်မှတ်ချက် ကျော်လွန်ပြီးမှ လျှောက်ထားလာတဲ့ အယူခံမှုနှင့်ပြင်ဆင်မှုများအတွက် လက်ခံရန်သင့်၊ မသင့်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ရုံးချုပ်ကိုတင်ပြပြီး ရုံးချုပ်ရဲ့ ခွင့်ပြုချက်ရရှိမှသာဆောင်ရွက်ရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)က တိုင်းဒေသကြီးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို အကြောင်းကြားထားခဲ့ပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်း(ဂ)မှာပါတဲ့ ဂရန်အသစ်များ လျှောက်ထားရာမှာ မူလအဆင့်ဆင့် လုပ်ပိုင်ခွင့်ပေးထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်သို့ ပြန်လည်လုပ်ပိုင်ခွင့်ပေးနိုင်၊ မပေးနိုင်သိရှိလိုပါကြောင်းနှင့်ပတ်သက်လို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းမှာရှိတဲ့ မြို့များနှင့်၊ ရပ်ကွက်/ကျေးရွာများမှာ နေထိုင်ကြတဲ့ မြေငှားဂရန်များလျှောက်ထားရာ မှာ မြေယာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဂရန်/လိုင်စင်များကို

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်တို့မှ ထုတ်ပေးခဲ့ရာမှာ မြေယာအရှုပ်အရှင်းပြဿနာများ၊ မှုခင်းများ ပေါ်ပေါက်ခဲ့တဲ့အတွက် အဆင့်ဆင့်စိစစ်ပြီးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ကို တင်ပြပြီးရုံးချုပ်မှလည်း အတည်ပြုချက်သာပေးပြီးတော့ မြေငှားဂရန် ထုတ်ပေးပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာခရိုင် အုပ်ချုပ်ရေးမှူးကို အပ်နှင်းထားတာ ဖြစ်ပါတယ်။မေးခွန်း(ဃ) နှင့်ပတ်သက်လို့ မြေငှားဂရန်အသစ်များချထား ပေးရာမှာ ဂရန်ချထားပေးပိုင်ခွင့်ရှိသူများအနေနဲ့ ကွင်းဆင်းစစ်ဆေးမှုအားနည်းခြင်း၊ ပတ်ဝန်းကျင်သက်သေ ထွက်ဆိုချက်ရယူမှု အားနည်းခြင်းနှင့်ပိုင်ဆိုင်မှုအဆင့်ဆင့်ကို စစ်ဆေးမှုအားနည်းခြင်းတွေကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အဆင့်ဆင့်စိစစ်ကြီးကြပ်မှုနှင့် ရုံးချုပ်ကို တင်ပြပြီး ရုံးချုပ်ရဲ့အတည်ပြုချက်အပေါ် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာခရိုင် အုပ်ချုပ်ရေးမှူးများမှ မြေငှားဂရန်အသစ်များကို ထုတ်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အိမ်မြေဂရန် ကိစ္စရပ်များ နှင့်စပ်လျဉ်းလို့ မလိုလားအပ်တဲ့ အုပ်ချုပ်မှုဖြစ်စဉ်များမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူအထက်ဌာန အဆင့်ဆင့်မှ စိစစ်ကြပ်မတ် ဆောင်ရွက်နေခြင်းသာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ ဝန်ကြီးရှင့်။ ကျွန်မက နောက်ဆက်တွဲအနေနဲ့ အနည်းငယ် မေးချင်ပါတယ်။ ဒီလိုမျိုးအဆင့်ဆင့်တင်ပြရခြင်း ဖြစ်တဲ့အတွက်ကြောင့် စိစစ်ရာမှာ အချိန်ကြန့်ကြာမှုရှိတဲ့ အတွက်ကြောင့် ဂရန်လျှောက်ထားသူများက ပျက်ကွက်လာပြီးတော့ ဒီစိစစ်ရတဲ့၊ လက်တွေ့အလုပ်လုပ်နေရတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတွေမှာ ပြဿနာတွေပေါ်ပေါက်နေတာ ကို ဒုတိယဝန်ကြီးအနေနဲ့ သိရှိနေပါသလားဆိုတဲ့ကိစ္စကို ကျွန်မမေးချင်ပါတယ်။ အခု မဖြေနိုင်ဘူးဆိုလို့ရှိရင် လည်း နောက်မှဖြေလည်း ရပါတယ်ရှင့်။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျွန်တော်စိစစ်ပြီးမှ ပြန်လည် တင်ပြပါမယ်။

**ဥက္ကဋ္ဌ။** ။ ဥက္ကဋ္ဌအနေနဲ့လည်း ဒီမေးခွန်းမေးလာမှ ဒီအကြောင်းအရာတွေကို အမှန်အတိုင်း ပြောမယ့်ဆိုရင် သိရတဲ့သဘောဖြစ်ပါတယ်။ ယခင်တုန်းက ဂရန်အတွက် တစ်ဧကအောက် မြို့နယ်အဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်တယ်။ တစ်ဧကနေပြီးတော့ ၅ ဧကအထိ ခရိုင်ကဆောင်ရွက်တယ်။ အခုကျတဲ့အခါကျတော့ တစ်ဧကကိုပင် ရုံးချုပ်က စီမံခန့်ခွဲတယ်ဆိုတဲ့ဟာ အမှန်အတိုင်းပြောမယ့်ဆိုရင် အခုမှပဲ သိရပါတယ်။ ဒါကြောင့်မို့လို့ အခုလို အမိန့် သို့မဟုတ်ရင် ညွှန်ကြားချက်က ဘယ်တုန်းကစပြီးတော့ သတ်မှတ်ပါသလဲ။ ဒီပေါ်မူတည်ပြီးတော့ မိမိတို့ရဲ့ နိုင်ငံနှင့်နိုင်ငံသားများအကျိုးစီးပွားအတွက် ပိုမိုဖြစ်ထွန်းတဲ့ ကိစ္စဘယ်ဟာ ဖြစ်သလဲဆိုတာကိုလည်း လွှတ်တော်အနေနဲ့ ပြန်လည်လေ့လာသုံးသပ်ဖို့ လိုပါလိမ့်မယ်။ ဒါကြောင့်မို့လို့ မူလရှိထားတဲ့ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းကို ဘယ်ကာလမှာ ဘယ်ရက်မှာ ဘယ်ဌာနက ပြင်ဆင်အမိန့် ထုတ်ပြန်ထားပါသလဲ။ ထုတ်ပြန်ထားတဲ့ဟာကကော ခုနက တကယ်နိုင်ငံနှင့်

နိုင်ငံသားများ အောက်ခြေပြည်သူလူထုအတွက် တကယ်အကျိုးရှိ၊ မရှိ ပြန်လည်သုံးသပ်ပြီးတော့မှ ဆက်လက်ဆောင်ရွက်သင့်တယ်လို့ ဒီလိုပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ စတင်မေးခွန်းမေးတဲ့ ဒေါ်နန်းဝါန အနေနဲ့ ခုနကိစ္စကို လွှတ်တော်ကိုပြန်လည်တင်ပြနိုင်အောင် ဥပဒေကြမ်းကော်မတီမှတစ်ဆင့် လွှတ်တော်ကို ပြန်လည်တင်ပြနိုင်အောင် ပေါင်းစပ်ပြီး ဆောင်ရွက်ပေးပါ။

**ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးနောက်ပိုင်း ပြည်ထောင်စုတရားသူကြီးများသည် အကျဉ်း စခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများသို့သွားရောက်စစ်ဆေးမှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သယံဇာတနှင့်ပတ်ဝန်းကျင်မဲဆန္ဒနယ်မှ ဦးသိန်းညွန့်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယံဇာတနှင့်ပတ်ဝန်းကျင်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုသောမေးခွန်းကတော့ (က) ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးသည့်နောက်တွင် ပြည်ထောင်စုတရားသူကြီးများသည် အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများသို့ သွားရောက်စစ်ဆေးသည့် အကြိမ်မည်မျှရှိပါသနည်း။ (ခ) စစ်ဆေးကြည့်ရှုရာတွင် အကျဉ်းသားများ အချုပ်သားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်အောင် မည်ကဲ့သို့ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဝိုင်းဝန်းကူညီခြင်း ပြုခဲ့ပါသနည်း။ (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများကို အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများကို စစ်ဆေးရန် ထပ်ဆင့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီး စစ်ဆေးကြည့်ရှုမှုများနှင့်ပတ်သက်၍ ထူးခြားသော အချက်အလက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အစီရင်ခံမှုများ ရှိပါသလား။ (ဃ) ယင်းအစီရင်ခံစာများနှင့်ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်မှု မည်မျှရှိခဲ့ပါသနည်း။ (င) အကျဉ်းထောင်လက်စွဲဥပဒေအပိုဒ် ၈၃၈ နှင့် ၈၄၈ တို့အရ ခံစားခွင့်ရှိသော သာမန်လျော့ရက်များနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ခရိုင်အုပ်ချုပ်ရေးအရာရှိ၊ ထောင်တာဝန်ခံအရာရှိ၊ တရားသူကြီး အစရှိသည်တို့က ပေးနိုင်သော အထူးလျော့ရက်များ၊ ခံစားခွင့်များကို အကျဉ်းသားအချို့ မရရှိသည်ကို သိပါသလား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် မေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်း (က) နှင့်စပ်လျဉ်းလို့ ဖြေကြားရမယ့်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီး နောက်ပိုင်းမှာပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများကအကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများနှင့် ရဲတပ်ဖွဲ့အချုပ် စခန်းများကို သွားရောက်စစ်ဆေးခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အဲဒီလို စစ်ဆေးခြင်း မပြုတဲ့ အကြောင်းကတော့ ယခင်တုန်းကတော့ တရားရုံးချုပ်နှင့် အကျဉ်းဦးစီးဌာနတို့က တရားရေးဝန်ကြီးဌာန တစ်ခု တည်းရဲ့အောက်မှာ ရှိခဲ့ပါတယ်။ အဲဒီလို တရားရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာရှိစဉ်တုန်းကတော့ စက်ရှင် တရားသူကြီးများဟာ အကျဉ်းထောင်များကို လစဉ်သွား ရောက်စစ်ဆေးကြရန်နှင့် အဲဒီလိုစစ်ဆေးတဲ့အခါမှာ အချုပ်တရားခံများ၊ အကျဉ်းသားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးကိစ္စများကိုလည်း မေးမြန်းကြည့်ရှုပြီးတော့ အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြရန် ဆိုပြီးတော့ တရားရုံးချုပ်ညွှန်ကြားလွှာအမှတ် (၈/၉၆) နှင့် (၈/၆၂) တို့အရ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခဲ့ဖူးပါတယ်။ ထိုစဉ်တုန်းကတော့ စက်ရှင်တရားသူကြီးများက အကျဉ်းထောင်များကို သွားရောက်စစ်ဆေးပြီးတော့မှ တွေ့ရှိချက်များကို တရားရေးဝန်ကြီးဌာနသို့ ပြန်လည်အစီရင်ခံတင်ပြလာတဲ့အခါမှာ တရားရေးဝန်ကြီးဌာနကလည်း အစီရင်ခံစာ မှာ ဖော်ပြတဲ့ကိစ္စများကို ဖြည့်ဆည်းပြီးဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ သို့သော်လည်း ယခုအခါမှာတော့ အကျဉ်းဦးစီးဌာနဟာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာ ရောက်ရှိသွားပါတယ်။ အကျဉ်းဦးစီးဌာနဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးကြပ်ကွပ်ကဲရတဲ့ဦးစီးဌာန မဟုတ်တော့တဲ့အတွက် အကျဉ်းသားများ ရဲ့၊ အချုပ်သားများရဲ့နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဥပဒေနှင့်အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ ခံစားရရှိဖို့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်ပေးနိုင် မှာ မဟုတ်တော့ပါဘူး။ ဒီလိုကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ ဘဏ္ဍာရေးခွင့်ပြုငွေ၊ ဘဏ္ဍာရန်ပုံငွေများလည်း မရှိပါဘူး။ လုပ်ပိုင်ခွင့်အာဏာလည်း မရှိတော့တဲ့အတွက် မေးခွန်း(ခ)နှင့်စပ်လျဉ်း ပြီးတော့က အကျဉ်းသားများ၊ အချုပ်သားများရဲ့ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာ ရေးများအတွက် ရသင့်ရထိုက်သော ခံစားခွင့်များရရှိနိုင်အောင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကျဉ်း ထောင်များ၊ အချုပ်စခန်းများကိုစစ်ဆေးမှုများ မပြုခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်း(ဂ)နှင့် စပ်လျဉ်းပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများကို အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့စခန်းများကို စစ်ဆေးရန်အတွက် ထပ်ဆင့် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ခြင်းလည်း မရှိပါကြောင်း ဖြေကြားပါတယ်။ သို့သော်လည်းပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ကတော့ မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ် မချမှတ်နိုင်ဘဲ ကြန့်ကြာနေတဲ့ တရားခံတွေ၊ ဥပဒေအရခံစားခွင့်မရတဲ့ တရားခံတွေ ဘယ်လောက်ရှိတယ် ဆိုတာကို စစ်ဆေးဖော်ထုတ်နိုင်ဖို့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က ပူးပေါင်းပြီးတော့ နည်းလမ်းများရှာကြံဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို လစဉ်ဆောင်ရွက်လျက်ရှိပြီး

တော့ အစည်းအဝေး ဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ တစ်နည်းအားဖြင့် တစ်ပြည်လုံးမှာရှိတဲ့ အကျဉ်းထောင်တွေမှာ ပြစ်ဒဏ်မချမှတ်နိုင်ဘဲ ကြန့်ကြာနေတဲ့အမှုများမှ တရားခံများ၊ အချုပ်ကာလအလိုက်အချုပ်ခံရတဲ့ အချုပ်တရားခံများရဲ့စာရင်းဦးရေကို အကျဉ်းဦးစီးဌာနက တစ်လမှာတစ်ကြိမ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့လျက်ရှိပါတယ်။ အဲဒီလိုပေးပို့တဲ့ အစီရင်ခံစာဟာဖြင့်ရင် ပြည်ထောင်စုတရားသူကြီးများက အကျဉ်းစခန်းများကို သွားရောက်စစ်ဆေးတာထက် ပိုမိုပြည့်စုံတဲ့ စာရင်းဇယားများ ဖြစ်ပြီးတော့က ပေးပို့တဲ့စာရင်းမှာ တစ်ပြည်လုံးအတွက်ချုပ်နှောင်ထားတဲ့ တရားခံများရဲ့စာရင်း၊ ၆ လအောက် ချုပ်နှောင်ထားတဲ့တရားခံ ကျားဘယ်နှစ်ဦး၊ မဘယ်နှစ်ဦး၊ ၆ လနှင့် အထက် ဘယ်လောက်၊ တစ်နှစ်နှင့်နှစ်နှစ်အထက် ဘယ်လောက်၊ နှစ်နှစ်နှင့်သုံးနှစ်အထက် ဘယ်လောက်ရှိတယ်၊ သုံးနှစ်အထက် ကျား၊ မစသည့်ဖြင့် စုစုပေါင်းဘယ်လောက်ဆိုတာကို အသီးသီး ခွဲခြားဖော်ပြပြီးတော့မှ အစီရင်ခံစာပြုစုခြင်းဖြစ်ပါတယ်။ ဒီအစီရင်ခံစာများကိုရရှိတဲ့အခါမှာ ဒီအစီရင်ခံစာများကို ကြည့်ရှုပြီးတဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြန့်ကြာနေတဲ့ အချုပ်တရားခံများကို အမှုအမြန်ဆုံးပြီးပြတ်ရေး အတွက်လည်းကောင်း၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်တဲ့ခံစားခွင့်များ ရရှိရေးအတွက်လည်းကောင်း သက်ဆိုင်ရာ တရားရုံးများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စဉ်ဆက်မပြတ် ညွှန်ကြားဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကြယ်ပွင့်ပြ မေးခွန်း(ဃ)နှင့် စပ်လျဉ်း၍ ပြောရမယ်ဆိုရင်လည်း၊ ဖြေကြား ရမယ်ဆိုရင်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနနှင့် အခြား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လစဉ်ညှိနှိုင်းဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်း(င)နှင့်စပ်လျဉ်းပြီးတော့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ခရိုင်အုပ်ချုပ်ရေး အရာရှိ၊ ထောင်တာဝန်ခံအရာရှိတွေက အကျဉ်းထောင်လက်စွဲအပိုဒ် ၈၃၈ နှင့် ၈၄၈ တို့အရ သာမန်လျော့ရက် များနှင့် အထူးလျော့ရက်ခံစားခွင့်များကို ပေးနိုင်တဲ့အတွက် ယင်းခံစားခွင့်များ အကျဉ်းသားအချို့မရရှိခြင်းမှာ အကျဉ်းဦးစီးဌာနနှင့်သာ သက်ဆိုင်သည်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်ခင်ဗျား။

**ဦးသိန်းညွန့်(သဃ်နန်းကျွန်းမဲဆန္ဒနယ်)။** ။ လွှတ်တော်နည်းဥပဒေ ပုဒ်မ ၁၁၆(ဃ)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ အဖြေကိုရှင်းလင်းရန်အလို့ငှာ ကျွန်တော်မေးမြန်းချင်တဲ့ တစ်ဆက် တစ်စပ်တည်း အချက်ကတော့ အကျဉ်းဦးစီးဌာနသည် ပြည်ထဲရေးဌာနလက်အောက်သို့ ရောက်နေတဲ့အတွက် လုပ်ပိုင်ခွင့်မရှိကြောင်း၊ ဘဏ္ဍာငွေမရှိကြောင်း တင်ပြချက်နှင့်ပတ်သက်၍ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၇ မှာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး များသည် ပြစ်ဒဏ်ကျခံနေသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် ပြည်ထောင်စုတစ်ဝန်း လုံးရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများ စစ်ဆေးကြည့်ရှုနိုင်သည်လို့ ပြဋ္ဌာန်းထား ပါတယ်။ ဒီလိုပါပဲ ပုဒ်မ ၆၈ မှာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်ချုပ်နှင့်တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ

ကိုလည်း အခုလိုပဲ အကျဉ်းစခန်းတွေ၊ ရဲဘက်စခန်းတွေ၊ ရဲတပ်ဖွဲ့အချုပ်စခန်းတွေကို စစ်ဆေးကြည့်ရှုနိုင်ဖို့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေက ပြဋ္ဌာန်းထားပါလျက်နှင့် အခုအခြေခံဥပဒေအာဏာတည်ပြီး နောက်ပိုင်းမှာ တစ်ကြိမ်တစ်ခါမျှ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများ၊ အချုပ်စခန်းများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် အဆင့်ဆင့် ဥပဒေကပြဋ္ဌာန်းထားသော တရားသူကြီးများ သွားရောက်စစ်ဆေးမှုမရှိခြင်းသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇၊ ၆၈ ကို ပြည်ထောင်စုတရားရုံးချုပ်က လက်တွေ့မကျင့်သုံးကြောင်းဆိုလျှင် မှန်ပါသလား။ ကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**ဦးစိုးညွန့်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားရမယ့်ဆိုရင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ပြည်နယ်/တိုင်းလွှတ်တော် တရားသူကြီးများက အကျဉ်းစခန်းများ၊ အချုပ်စခန်းများကို စစ်ဆေးနိုင်တယ်လို့ ပြဋ္ဌာန်းထားတာ မှန်ကန်ပါတယ်။ မှန်တဲ့အချက်ဖြစ်ပါတယ်။ ဥပဒေကလည်း ဒီဥပဒေတင် မဟုတ်ပါဘူး။ ဒီဥပဒေ မတိုင်ခင်ကလည်း တရားစီရင်ရေးဥပဒေတိုင်းမှာလည်း ဒီလိုတရားသူကြီးများက အချုပ်စခန်းများ၊ အကျဉ်းစခန်းများကို စစ်ဆေးနိုင်တယ်လို့ ပြဋ္ဌာန်းချက်တွေပါရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တင်ပြချင်တာက ဒီလိုအချုပ်စခန်းများ၊ အကျဉ်းစခန်းများကို စစ်ဆေးတဲ့ ဥစ္စာက တရားစီရင်ရေးတရားသူကြီးများရဲ့ တရားစီရင်ရေးပင်မတာဝန်မဟုတ်ပါဘူး။ လိုအပ်တဲ့အခါမှာ သွားရောက်စစ်ဆေးနိုင်ရန်အတွက် အခွင့်အာဏာ အပ်နှင်းထားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအနေနဲ့ကတော့ ပင်မတာဝန်ဖြစ်တဲ့ တရားစီရင်ရေးတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နေရတဲ့ အချိန်အခါမှာ ဒီအကျဉ်းစခန်းများကို လောလောဆယ်အားဖြင့် သွားရောက်စစ်ဆေးနိုင်ခြင်း မရှိသေးတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီလိုမစစ်ဆေးနိုင်တဲ့အတွက် အကျဉ်းစခန်းတွေမှာ ရောက်ရှိနေတဲ့ တရားခံများအတွက် ခံစားခွင့်ရှိတဲ့ အခွင့်အရေးများကို ရရှိခံစားခွင့်မဆုံးရှုံးရအောင် ကျွန်တော်ခုနကတင်ပြခဲ့တဲ့ နည်းလမ်းများအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက် လျက်ရှိကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီလိုတင်ပြတဲ့နေရာမှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဌာနများပူးပေါင်းပြီးတော့ကာ အကျဉ်းစခန်းများမှာရှိတဲ့ တရားခံများရဲ့စာရင်း၊ သူတို့ရဲ့ အခြေအနေ အသေးစိတ်ကို ခုနကပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ သွားရောက်စစ်ဆေးတာထက် ပိုပြီးတော့ပြည့်စုံတဲ့ စာရင်းဇယားများတောင်းပြီးတော့ လိုအပ်တာတွေကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ အတွေ့အကြုံအရတင်ပြရမယ်ဆိုရင်လည်း ရှေးယခင်ကတည်းက တရားသူကြီးများအနေနဲ့လည်း အကျဉ်းစခန်းများကို သွားရောက်စစ်ဆေးခဲ့ဖူးတာရှိပါတယ်။ သွားရောက်စစ်ဆေးတဲ့အခါကျတော့လည်း တကယ်တမ်းပြောကြမယ်ဆိုရင် ပြည့်စုံအောင်စစ်ဆေးနိုင်တာ မဟုတ်ပါဘူး။ သွားရောက်ပြီးတော့ အချုပ်စခန်းမှာရှိတဲ့ တရားခံများအားလုံးနှင့်လည်း တွေ့နိုင်တာမဟုတ်ဘဲနဲ့ တရားခံအချို့လောက်ကို တွေ့ပြီးတော့ မေးမြန်းပြီးတော့ကစစ်ဆေးတဲ့ သဘောလောက်ပဲ ရှိပါတယ်။အဲဒီတော့ သူ့ရဲ့အကျိုးသက်ရောက်မှုဟာ ဆိုလို့ရှိရင် ခုနကကျွန်တော်တင်ပြတဲ့နည်းနဲ့ ကျွန်တော်တို့ဆောင်ရွက်နေတဲ့

နည်းလမ်းက ပိုမိုပြီးတော့အကျိုးရှိတဲ့အတွက် ဒီလိုကိစ္စမျိုးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အကျဉ်းစခန်းများကို သွားရောက်စစ်ဆေးနိုင်ခြင်းမရှိသေးကြောင်း ရှင်းလင်းဖြေကြားခြင်း ဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာလည်း ဥပဒေရဲ့ကန့်သတ်ချက် သို့မဟုတ်ရင် ဥပဒေရဲ့အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ဆိုင်၍ တချို့ကိစ္စများမှာလည်း ကြန့်ကြာတာဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ စစ်ဆေးနိုင်သည်။ သွားရောက်စစ်ဆေးနိုင်သည်ဆိုတော့ စစ်ဆေးရမည်လို့ မဟုတ်တဲ့အတွက် စစ်ဆေးနိုင်သည်ဆိုတဲ့စကားသည် စစ်ဆေးလိုရင်စစ်ဆေးမယ်။ မစစ်ဆေးလိုက မစစ်ဆေးဘဲ နေနိုင်တယ်ဆိုတဲ့သဘောလည်း သက်ရောက်နေပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပြုအဖွဲ့အစည်း အနေနဲ့လည်း ဒီဥပဒေကိုပြန်လည်သုံးသပ်ပြီးတော့ ဆောင်ရွက်ဖို့လိုတယ်လို့ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီလိုပဲလွှတ်တော်ကို ပြန်ပြီးတင်ပြလိုပါတယ်။

**တရားရုံးများသို့သတင်းမီဒီယာများအား ဝင်ရောက်ခွင့်အား တားမြစ်ကန့်သတ်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များရှိ၊ မရှိသိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်းက မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထွန်း(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါ။ ကိုယ်ကျန်းမာစိတ်ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ တရားစီရင်ရေးနှင့် စပ်လျဉ်းပြီး တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ တရားစီရင်ရေးကိစ္စမေးခွန်းကို လွန်ခဲ့တဲ့ အောက်တိုဘာလ ၂၅ ရက်နေ့က မေးမြန်းရာမှာ ကျွန်တော်ဟာ တရားစီရင်ရေးအဖွဲ့ပေါ်မှာ မကောင်းမြင်ဝါဒအရဝါးလုံးရှည်နဲ့ သိမ်းကျုံးရမ်းတဲ့ လူဆိုတဲ့စွပ်စွဲချက်များဖြစ်ပေါ်လာခဲ့ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးကလည်း တင်ပြမေးမြန်းချက်များဟာ တရားရုံးအားလုံးက အဂတိလိုက်စားနေတယ်လို့ ထင်ရောင်ထင်မှားဖြစ်စေပါတယ်ဆိုပြီး သုံးသပ်ပြောဆိုဖြေကြားသွားတာ အားလုံးအသိပဲဖြစ်ပါတယ်။ အောက်တိုဘာလ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ နောက်ကြောဖုံးထိပ်ပိုင်းမှာလည်း မြေပြင်သတင်းအရကြားသိရသည်ဆိုသည်မှာ တစ်ဆင့်ကြားသတင်းဖြစ်သည့်အတွက် မှန်ကန်သည့်သတင်းဟု မပြောနိုင်ဟု စာလုံးမဲကြီးဖြင့် ဖော်ပြထားတာကိုလည်း တွေ့ရပြန်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြပါတယ်။ ပြည်သူများရဲ့လက်တွေ့ဘဝခံစားရတဲ့ အခြေအနေမှန်များကို လွှတ်တော်သို့ပြန်လည် တင်ပြရမယ်ဖြစ်တဲ့အတွက် တစ်ဆင့်ကြားသတင်းများ ဖြစ်နေမှာတော့ ဧကန်ပဲဖြစ်ပါတယ်။ တရားခွင့်မှာတော့ သက်သေခံဥပဒေအရ တစ်ဆင့်ကြားသက်သေခံချက် Hear Say evidence ကို လက်ခံခြင်းမပြုရန် တားမြစ်ထားပါတယ်။ သက်သေခံဥပဒေပုဒ်မ ၆၀ မှာ နှုတ်သက်သေခံချက်သည် တိုက်ရိုက်ဖြစ်စေရမည်။ Oral evidence must be direct လို့ ပြဋ္ဌာန်းသတ်မှတ်ထားတာ သင်ကြားခဲ့ဖူးပါတယ်။ ဒါတောင်ချွင်းချက်အဖြစ်နဲ့ သက်သေခံဥပဒေ ပုဒ်မ ၃၂ ရှိပါသေးတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ သတိပေးလမ်းညွှန်ချက်အရလည်းကောင်း၊ နိုင်ငံတော်အစိုးရဆိုတာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍများမှာ ပါဝင်ဆက်စပ်နေသူများအားလုံး အကျုံးဝင်တယ်လို့ အဓိပ္ပာယ်သက်ရောက်တာကို နားလည်ခံယူထားပါတယ်။ အဲဒီနိုင်ငံတော်အစိုးရဆိုတဲ့ ဝေါဟာရထဲမှာ တရားစီရင်ရေးပါ ပါဝင်နေတဲ့အတွက် တရားစီရင်ရေးအဂတိလိုက်စားမှု မကင်းစင်သမျှ Good Governance, Clean Government ဘယ်လိုမှ ကျွန်တော်တို့နိုင်ငံ မဖြစ်နိုင်သေးဘူးလို့ခံယူပြီး ပြည်သူအားလုံးက တရားစီရင်ရေးကဏ္ဍပေါ်မှာ ယုံကြည်လေးစားအားထားကြည်ညိုဖြစ်စေလိုတဲ့ ဆန္ဒဇောနဲ့တင်ပြမေးမြန်းခြင်း စိတ်ရင်းအမှန်ဖြစ်ပါတယ်ခင်ဗျား။ ဖြောင့်တဲ့သစ်ပင် တက်ရခက်၊ မှန်တဲ့စကားနားထောင်ရခက် ဖြစ်တယ်ဆိုရင်လည်း ခွင့်လွှတ်ဖို့တောင်းပန်အပ်ပါတယ်။ ယခုလည်း တစ်ဆင့်ကြားစကား မြေပြင်သတင်းကိုပဲတင်ပြမေးမြန်းဦးမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တရားရုံးအဆင့်ဆင့်တို့ဟာ သတင်းမီဒီယာအဖွဲ့များကို တရားရုံးအတွင်းသို့ ဝင်ရောက်ခွင့်မပြုခြင်း၊ ပြင်ပမှာ ဓာတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းများဆောင်ရွက်ခြင်းကိုပင် ခွင့်ပြုဘူးလို့ ကြားသိရပါတယ်။ အဲဒီသတင်းမီဒီယာအဖွဲ့များကို ဝင်ရောက်လေ့လာခွင့်အကဲဖြတ်သုံးသပ်ခွင့် မှတ်တမ်းတင်ခွင့်မပြုခြင်းဟာ တရားရုံးများအနေဖြင့် သတင်းအမှောင်ချကာ အဂတိလိုက်စားမှုများရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် အမှန်တရားနဲ့ကင်းကွာတဲ့ ဆုံးဖြတ်ချက်များကို ဖြစ်ပေါ်စေနိုင်ခြင်းစတဲ့ အကျိုးဆက်များကိုဆောင်ရွက်နိုင်ဖို့ ကန့်သတ်ခြင်းလို့ ထင်မြင်ယူဆဖွယ်ရာဖြစ်ပါတယ်။ ဒီမိုကရေစီဖွံ့ဖြိုးတဲ့ နိုင်ငံများမှာ တရားရုံးများကိုယ်တိုင်က မီဒီယာသတင်းထောက်များ ခန့်ထားတာဝန်ပေးပြီး ၎င်းတို့ရဲ့ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်မှန်ကန်မှုကို ပြသနေကြတယ်လို့ လေ့လာသိရှိရပါတယ်။ လွတ်လပ်စွာတရားစီရင်ရေးဆိုတဲ့မူကိုလည်း အလေးအနက်ထားကြောင်း ပေါ်လွင်စေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တရားရုံးအဆင့်ဆင့်သို့ သတင်းမီဒီယာများ ဝင်ရောက်လေ့လာမှတ်တမ်းတင်ခြင်းအား တားမြစ်ကန့်သတ်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ ရှိ၊ မရှိ သိလိုပါတယ်။ ရှိပါက ခေတ်စနစ်နဲ့အညီ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ရန် အစီအစဉ် ရှိ၊ မရှိ ရှင်းလင်းဖြေကြားပေးပါရန်နှင့် မည်သည့်အတွက်ကြောင့် ကန့်သတ်တားမြစ်ထားသည်ကို သိလိုပါသဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း မေးမြန်းတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ မဖြေခင်မှာ ကိုယ်စားလှယ်တော်ကြီး ဦးသန်းထွန်းတင်ပြသွားတဲ့ ပြီးခဲ့တဲ့အပတ်က ဖြေကြားချက်နဲ့ ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းတင်ပြရမယ်ဆိုရင် ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့တင်ပြချက်က ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်မှာ

တရားရုံးအဆင့်တိုင်းမှာ ဖန်ကွက်တွေ ရှိနေတယ်။ ဖန်ကွက်ဆိုတာကတော့ ကျွန်တော်တို့လုပ်ကြံဖန်တီးပြီး တော့ စားတဲ့တရားရုံးများက အဂတိလိုက်စား နေတယ်ဆိုတယ်လို့ ပြောဆိုခြင်းဖြစ်ပါတယ်။ အဲဒါ ကျွန်တော်တို့ တင်ပြချင်တာက ဒီလိုတင်ပြတာဟာ တရားရုံးအားလုံးက အဂတိလိုက်စားနေတယ်လို့ အဓိပ္ပာယ်ပေါ်ပေါက်နေ တဲ့အတွက် ဒီလိုအားလုံးကလိုက်စားတာ မဟုတ်ဘူးဆိုတဲ့အကြောင်း ကျွန်တော်တို့ပြန်လည်ရှင်းလင်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီတင်ပြချက်များအပေါ်မှာ မျက်စိမှိတ်ပြီးတော့ကာ ငြင်းဆိုခြင်းမဟုတ်ဘဲ မှန်ကန်တဲ့ စွပ်စွဲချက်များကိုလည်းပဲ မှန်ကန်တဲ့အလျောက် လက်ခံမှုရှိပါတယ်။ လက်ခံပြီးတော့ ပြုပြင်သင့်သည် များကို ပြုပြင်ပြီးတော့ အရေးယူခဲ့တာတွေလည်းရှိပါတယ်။ ကျွန်တော်တို့ ငြင်းဆိုတာကတော့ တရားရုံးအားလုံး မှာ တရားသူကြီးတစ်ယောက်မကျန် လာဘ်စားနေတာ မဟုတ်ပါဘူး။ လာဘ်စားတဲ့တရားသူကြီးတစ်ယောက် တစ်လေ ရှိနိုင်ပါတယ်။ ဒါကိုရှိနိုင်ပါတယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်ရဲ့တင်ပြချက်ကို အဓိပ္ပာယ်ကောက်ယူမှု နည်းနည်းလေးလွဲချော်တဲ့အတွက် ဒီလိုတင်ပြခြင်းကို သတိမမူခဲ့တာလို့ထင်မြင် ပါကြောင်း ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့ ဒီနေ့မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(ခ)နဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များမှာ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူလူထုရှေ့မှောက်တွင် တရားစီရင်ရေးဆိုတဲ့ တရားစီရင်ရေးမူတစ်ရပ်ကို ကျွန်တော်တို့ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဖြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရတဲ့ ကလေးသူငယ်တွေနဲ့ ကလေးသူငယ်သက်သေ အဖြစ်ပါဝင်တဲ့အမှုများ၊ အဓမ္မပြုကျင့်ခြင်းခံရသူအမျိုးသမီးများကို တရားသူကြီးရဲ့ ဆုံးဖြတ်ချက်အရ တံခါးပိတ် စစ်ဆေးတဲ့အမှုတွေနဲ့ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေတဲ့တရားခံများကို ဥပဒေအရ သီးသန့်တရားရုံးမှာစစ်ဆေး တဲ့အမှုများမှအပ တရားရုံးအဆင့်ဆင့် စစ်ဆေးစီရင်တဲ့အမှုများကို အမှုစစ်တရားသူကြီးရဲ့ ခွင့်ပြုချက်အရ တရားခွင့်စည်းကမ်းချက်များနှင့်အညီ မည်သူမဆို ဝင်ရောက်လေ့လာနိုင်ပါကြောင်းဦးစွာ ဖြေကြားအပ်ပါတယ်။ မြန်မာနိုင်ငံမှာတရားရုံးများကို သတင်းမီဒီယာအဖွဲ့များကို ဝင်ရောက်ခွင့်အား တားမြစ်ကန့်သတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များမရှိပါ။ သို့သော်လည်းပဲ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ မှာ တရားစီရင်မှုဆောင်ရွက်နေစဉ်မှာ အနှောင့်အယှက်မဖြစ်အောင် ပြဋ္ဌာန်းထားတဲ့ တားမြစ်ထားတဲ့အချက် များရှိတဲ့အတွက် တရားရုံးက စစ်ဆေးတဲ့အမှုအခင်းများကို သတင်းမီဒီယာများအပါအဝင် မည်သူမဆို ဝင်ရောက်လေ့လာနိုင်ပေမယ့်လို့ တရားစီရင်မှုကို အနှောင့်အယှက် မဖြစ်စေရန်နှင့် တရားခွင်စည်းကမ်းများကို လိုက်နာဖို့လိုအပ်ကြောင်းကိုတော့ သတိပြုရမှာဖြစ်ပါ တယ်။ ဒါကြောင့် တရားရုံးကိုကြီးကြပ်သူတရားသူကြီးက တရားစီရင်မှုကို အနှောင့်အယှက်မဖြစ်စေရန်နှင့် တရားခွင့်စည်းကမ်းထိန်းသိမ်းရန် လိုအပ်မယ်လို့ယူဆလို့ ရှိရင် မည်သူ့ကိုမဆို တရားရုံးအတွင်းမှာ ဝင်ရောက်ခြင်း၊ ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်းများကို တားမြစ် ကန့်သတ်နိုင်ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ တင်ပြရမယ်ဆိုရင် တရားရုံးအဆင့်ဆင့်ရှိ စစ်ဆေးဆဲအမှုများ နှင့်စပ်လျဉ်းပြီးတော့ ဓာတ်ပုံရိုက်ခြင်း၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်းကို ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံ အများအပြားက တရားဝင်ခွင့်ပြုထားခြင်း မရှိကြောင်း လေ့လာသိရှိရပါတယ်။ ပြည်ပနိုင်ငံများကို စေလွှတ်ခဲ့တဲ့ မြန်မာနိုင်ငံကိုယ်စားလှယ်များကလည်း အမှုစစ်ဆေးဆဲတရားရုံးများကို ဝင်ရောက်လေ့လာတဲ့အခါမှာ ကင်မရာ

များနဲ့ အသံဖမ်းစက်များကို အသုံးမပြုရန် တားမြစ်ထားတဲ့အတွေ့အကြုံများလည်း ရှိကြပြီးဖြစ်ပါတယ်။ ဒီမိုကရေစီရင့်သန်ဖွံ့ဖြိုးတဲ့နိုင်ငံများမှာတောင်မှပဲ တရားရုံးအတွင်းမှာ အမှုစစ်ဆေးနေစဉ်အတွင်းမှာ ဓာတ်ပုံရိုက်ခြင်း၊ အသံဖမ်းခြင်း၊ လွှင့်ထုတ်ခြင်းတို့ကို မပြုလုပ်ရကြောင်း နည်းဥပဒေများ၊ ညွှန်ကြားချက်များနဲ့ ပြဋ္ဌာန်းထားတာကို ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်ပြည်ပနိုင်ငံများမှ ကမ္ဘာအနှံ့ထုတ်ဝေဖြန့်ချိတဲ့ စာနယ်ဇင်းများကို ကြည့်မယ်ဆိုလို့ရှိရင် ဒီတရားခွင်မြင်းကွင်းနဲ့ တရားခံရဲ့ရုပ်ပုံတွေကို ဓာတ်ပုံများနဲ့ ဖော်ပြခြင်းမရှိဘဲနဲ့ ပန်းချီကာတွန်းပုံများနဲ့ ဖော်ပြလေ့ရှိကြောင်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၇၅ မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးသည် ဥပဒေနဲ့အညီ ခုခံချေပခွင့်ရှိရမယ်လို့ နိုင်ငံသားများရဲ့မူလအခွင့်အရေးတစ်ရပ်အဖြစ် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ တရားဥပဒေရဲ့ အမြင်မှာတော့ စီရင်ပိုင်ခွင့်ရှိတဲ့တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းမပြုသေးသမျှ စွပ်စွဲခံရသူတစ်ဦး ဟာ အပြစ်ကင်းစင်သူလို့ မှတ်ယူရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံစာနယ်ဇင်းကျင့်ဝတ်မှာလည်း စွပ်စွဲခံရသူတစ်ဦးဦးကို စီရင်ပိုင်ခွင့်ရှိသူ တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်း မပြုသေးသမျှကာလပတ်လုံး အပြစ်ကင်းစင်သူတစ်ယောက်အဖြစ် သဘောပိုက်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဒါကြောင့် တရားရုံးစစ်ဆေးတဲ့ တရားခံနဲ့ အမှုသည်များကိုဖြစ်စေ၊ တရားရုံးအမှုကိုဖြစ်စေ၊ ဓာတ်ပုံဗွီဒီယိုမှတ်တမ်းတင် ရိုက်ကူးခြင်းကိုခွင့်ပြုမယ်ဆိုလို့ရှိရင် နိုင်ငံသားတစ်ဦးရဲ့ ဂုဏ်သိက္ခာကို ထိပါးရာ ရောက်မယ့်အပြင် ဥပဒေအရရရှိမယ့် လူ့အခွင့်အရေးကိုလည်း ထိပါးရာရောက်မှာဖြစ်ပါတယ်။ ဒါကြောင့် တရားစီရင်မှုဖြောင့်မတ်ရေး၊ တရားခွင်လုံခြုံရေးနဲ့ စည်းကမ်းသေဝပ်ရေးကို တာဝန်ယူထားရတဲ့ အမှုစစ်တရားသူကြီးက သတင်းမီဒီယာအဖွဲ့များကို တရားရုံးအတွင်း ဝင်ရောက်ခွင့်မပြုခြင်းကြောင့် တရားရုံးများအား အမှောင်ချကာ အဂတိလိုက်စားမှုများရှိနေတယ်။ ပွင့်လင်းမြင်သာမှုမရှိဘူး။ အမှန်တရားနဲ့ကင်းကွာတဲ့ ဆုံးဖြတ်ချက်များကို ဖြစ်ပေါ်စေနိုင်တဲ့ ထင်မြင်ယူဆမှုများ ရှိတယ်ဆိုတဲ့ ဝေဖန်ချက်ဟာဆိုရင် တရားရုံးကအမှုသည်များကို တရားလိုတရားခံများ သက်သေများရဲ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးစသည်တို့အတွက် ကာကွယ်စောင့်ရှောက်ခြင်းဖြစ်တယ်ဆိုတာကို သတိမပြုဘဲနဲ့ တရားရုံးရဲ့ ဂုဏ်သိက္ခာညှိုးနွမ်းရာရောက်အောင် စွပ်စွဲရာရောက်နိုင်တဲ့အတွက် လျော်ကန်သင့်မြတ်မှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။ အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် သက်ဆိုင်ရာအမှုစစ်တရားသူကြီးရဲ့ခွင့်ပြုချက်အရ တရားခွင်စည်းကမ်းချက်များနှင့်အညီ မည်သူမဆို တရားရုံးကို ဝင်ရောက်လေ့လာနိုင်ပါတယ်။ အဲဒီလို ဝင်ရောက်လေ့လာစဉ်မှာလည်း တရားစီရင်မှုကို အနှောင့်အယှက်ဖြစ်စေတဲ့ အမှုသည်များရဲ့ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးကို ထိခိုက်နစ်နာစေနိုင်တဲ့ ဓာတ်ပုံဗွီဒီယိုမှတ်တမ်းတင်ခြင်းကိုသာ ခွင့်မပြုခြင်းအပေါ်မှာ အထင်အမြင်လွဲမှားရန် အကြောင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်အားဖြင့် တင်ပြရမယ်ဆိုရင် သတင်းမီဒီယာအဖွဲ့များနဲ့ တရားရုံးများရဲ့အကြားမှာ မည်သည့်အခါကမှ ပြဿနာတစ်စုံတရာဖြစ်ပွားခဲ့ဖူးခြင်း မရှိပါကြောင်းနှင့် ယခု၌လည်း မည်သည့်ပြဿနာမှမရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခေတ္တနားတဲ့အချိန်မှာ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ ဥပဒေနဲ့တရားရေးရာကော်မတီဥက္ကဋ္ဌ၊ ဒီနေ့မေးခွန်းများမေးသွားတဲ့ ဦးသိန်းညွန့်၊ ဒေါ်နန်းဝါန၊ အဆိုတင်သွင်းမယ့် ဦးစောသိန်းအောင်၊ ဒီနေ့ ဒီခန်းမထဲရောက်ရှိနေကြတဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ မိမိရုံးခန်းမှာ လာရောက်စုစည်းဖို့ ကြိုတင်အသိပေးပါတယ်။ အခု အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

အချိန်၊၁၂း၁၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချိန်ရဲ့လိုအပ်ချက်အရ ကျန်ရှိအစီအစဉ်များအားလုံးကို အခုတစ်ချိန်တည်းနှင့်အပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးစောသိန်းအောင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ဝေးလံခေါင်းပါး ဒေသများရှိ မျိုးနွယ်စုများ၊ တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်းသင်ဌာနများတွင်ပါဝင်တက်ရောက် သင်ယူနိုင်ရေးအား သတ်မှတ်အရည်အသွေး မပြည့်မီပါက အထူးကိစ္စရပ်အဖြစ်ထည့်သွင်းစဉ်းစားပေးနိုင်ရေးအတွက် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေး နိုင်ရေး အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးစောသိန်းအောင်အား အဆိုတင်သွင်း ဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစောသိန်းအောင်(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များနှင့် ပြည်ထောင်စုဝန်ကြီးများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်အခါ

သမယသည် ကျွန်တော်တို့ ကရင်ပြည်နယ်ဘားအံမြို့နယ်မှာ ကရင်ပြည်နယ်နေ့ကို စည်းကားသိုက်မြိုက်စွာ ပြုလုပ်တဲ့အချိန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်အဆိုဟာ တိုက်တိုက်ဆိုင်ဆိုင် အဆိုတင်သွင်းခွင့် ရတဲ့အတွက် များစွာဝမ်းမြောက်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန်အစည်းအဝေးကြား လွှတ်တော် ရပ်နားနေစဉ်မှာ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ အမျိုးသားတိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတို့ ပူးပေါင်းပြီး တိုင်းရင်းသား ရေးရာကိစ္စများ မြှင့်တင်ဖို့အတွက် ၂၀၁၂ ခုနှစ်မှာ မေလ နောက်ဆုံးပတ်မှ ဖွန်လ ဒုတိယပတ်အထိ တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုကို ကွင်းဆင်းလေ့လာတဲ့နေရာမှာ အဖွဲ့ဝင် ၁ ဦးအဖြစ်ပါဝင်ခဲ့ပါ တယ်။ အဆိုပါ လေ့လာရေးခရီးစဉ်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လွှတ်တော်၊ အစိုးရ အဖွဲ့၊ တရားသူ ကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်များနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ကျေးလက်နေကလေးများရဲ့ စာသင်ကြားတဲ့နေရာမှာ သူတို့ရဲ့ စာသင်ကြားမှု အောင်မြင်မှုတော်တော်ရရှိတဲ့ လုပ်ငန်းကိုင်ခန်းအတွက် သူတို့ရဲဆွေးနွေးတင်ပြချက်မှာ သူတို့လိုလားတောင့်တတဲ့ အလေးပေးမြှင့်တင် လာတဲ့အချက်ကို အဆိုတစ်ခုအဖြစ်တင်သွင်းလိုပါတယ်။ ဝေးလံခေါင်းပါးဒေသများရှိ မျိုးနွယ်စုများ၊ တိုင်းရင်း သားများအတွက် အသက်မွေးဝမ်းကျောင်း သင်ဌာနများတွင် ပါဝင်တက်ရောက် သင်ယူနိုင်ရေးအား သတ်မှတ် အရည်အသွေးမပြည့်မီပါက အထူးကိစ္စရပ်အဖြစ် ထည့်သွင်းစဉ်းစားပေးနိုင်ရေးအတွက် ဌာနဆိုင်ရာလုပ်ထုံး လုပ်နည်းများ သတ်မှတ်ပေးနိုင်ရေးဆိုတဲ့အဆိုကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခေါင်းပါးတဲ့ကျေးလက်ဒေသနေ ကျောင်းသူ၊ ကျောင်းသူများဟာ မိမိတို့ ငယ်စဉ်မှစပြီးတော့ သင်ကြားလာခဲ့ရတဲ့ စာသင်ကြားများ၏ အခြေအနေ၊ မိဘများ၏အခြေအနေ၊ ကျေးလက်ဒေသရဲ့ အခြေအနေကြောင့် အခက်အခဲ အမျိုးမျိုးရှိကြကာ မြို့ကြီး၊ ပြကြီးများမှာစာသင်ကြား ကြတဲ့ ကျောင်းသူကျောင်းသားများနှင့် ပညာရေးမှာဘယ်လိုမှ ယှဉ်တိုးလို့ရနိုင်မှာမဟုတ်ပါဘူးခင်ဗျား။ မြို့ပေါ်မှာရှိတဲ့ ကျောင်းကြီးကျောင်းကောင်းများပေါ်မှာ သင်ကြားနေကြတဲ့ ကျောင်းသူကျောင်းသားများဟာ ဆရာကောင်းတွေနဲ့ စိတ်တိုင်းကျ ပညာသင်ယူနိုင်ကြသလို ဝိုင်းဆရာ၊ ကျူရှင်ဆရာတွေနဲ့ ဖြည့်စွက်သင်ယူ ခွင့်ရတဲ့အတွက် ၁၀ တန်းအောင်စာရင်း ထွက်တဲ့အခါကျရင် ၆ ဘာသာ၊ ၅ ဘာသာ၊ ၄ ဘာသာ စသည်ဖြင့် ရကြပါတယ်။ ကျေးလက်မှာရှိတဲ့ ဝေးလံခေါင်ပါးတဲ့ကျေးရွာများမှာ စာသင်တဲ့ကလေးများဟာ အောင်မှတ်ရရုံ လောက်သာရရှိကြပါတယ်။ တချို့ ထူးချွန်သူများအတွက်ကတော့ တစ်ဘာသာ၊ နှစ်ဘာသာ စသည်ဖြင့် ဂုဏ်ထူး ရရှိကြပါတယ်။ အဲဒီလို ကွာဟချက်ရှိတဲ့အတွက် အမှတ်ပေးစည်းမျဉ်းနှင့် သက်ဆိုင်ရာ အသက်မွေး ဝမ်းကျောင်းပညာသင်ဌာနများကို သတ်မှတ်တဲ့အခါမှာ ကျေးလက်နေကလေးများဟာ အသက်မွေး ဝမ်းကျောင်းပညာသင်ဌာနများကို ချဉ်းကပ်နိုင်ခွင့်မရရှိကြပါဘူး။ အထူးသဖြင့် ဝေးလံခေါင်းပါးတဲ့ ဒေသဖြစ်လေ အခြေအနေဆိုးရွားလေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံကြီး တစ်ခုလုံး ဖွံ့ဖြိုးဖို့ဆိုရင် မြို့ကြီးပြကြီးမှအစ ကျေးလက်တောရွာသာမက ဝေးလံခေါင်းပါးတဲ့ ရွာသိမ်ရွာငယ်များပါမကျန် ဒေသဖွံ့ဖြိုး တိုးတက်မှုလိုအပ်ပါတယ်။ ကျေးလက်မှာရှိတဲ့ ဒေသခံများထဲမှ မိမိတို့ရဲ့ ဒေသမှာ ၎င်းတို့ကိုယ်တိုင် ပညာရေး၊

ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို ကိုယ်တိုင် ပါဝင်လုပ်ဆောင်ခွင့် ပေးဖို့လိုအပ်ပါတယ်။ အဲဒီလိုမျိုး မပေးနိုင်သေးသမျှ ကျေးလက်တောရွာမှာ အောက်ကျနောက်ကျဖြစ်ကာ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးဘဲ ဆင်းရဲတွင်းနက်နေဦးမှာဖြစ်ပါတယ်။ ကျေးရွာများမှာရှိကြတဲ့ အခြေခံပညာသင်ကျောင်းများမှာ ဒေသခံများအနေနဲ့ ဦးဆောင်တာဝန်ယူမှုမရှိနိုင်သေးသမျှ ကျေးရွာတွေရဲ့ပညာရေးဟာ နောက်ကျနေဦးမှာဖြစ်ပါတယ်။ တစ်ရပ်တစ်ကျေးက တစ်နှစ်တန် နှစ်နှစ်တန် လာရောက်သင်ကြားပေးပြီး ပုံမှန်ပြောင်းရွှေ့နေသမျှ ဒီဒေသရဲ့ ပညာရေးဟာ ရှေ့တိုးနိုင်မှာမဟုတ်ပါ။ ဒီဒေသရှိကလေးများအနေနဲ့ မပြောင်းရွှေ့တာဝန်ယူဆောင်ရွက်နိုင်မှ တိုးတက်နိုင်မှာဖြစ်ပါတယ်။ လက်ရှိအခြေအနေက ကျေးလက်တောရွာမှာ ၁၀ တန်းအောင် ကျောင်းသူများရဲ့ ရမှတ်ဟာ ပညာရေးကောလိပ်ကိုပင်မချဉ်းကပ်နိုင်တဲ့အတွက် ဒေသပညာရေးဖွံ့ဖြိုးမှုမှာ အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ ၁၀ တန်းအောင်တယ်ဆိုပေမယ့် ခဲလေသမျှသဲရေကျတာဖြစ်ပါတယ်။ ပညာရေး နှင့်ပတ်သက်ပြီးတော့ အထောက်အထားတစ်ခုသာဖြစ်ပါတယ်။ အမှတ်မမီလို့ ဆရာဝန်မဖြစ်သွားတာတွေ၊ အမှတ်လေး ပွတ်ကာသီကာလိုနေလို့ သူနာပြုမဖြစ်လိုက်ရတာတွေ နှစ်စဉ်ကြုံတွေ့နေရတဲ့ ကျေးလက်ကလေးများရဲ့ ပုံမှန်အခက်အခဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသရှိ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့်တကွ အခြားအခြားသော အသက်မွေးဝမ်းကျောင်းသင် ပညာဌာနများမှာ ကျေးလက်နေတိုင်းရင်းသား ကလေးသူငယ်များ သတ်မှတ်အရည်အချင်းမပြည့်မီတဲ့အတွက် မိမိတို့ရဲ့ဒေသမှာ ပါဝင်ကူညီတာဝန်မထမ်းဆောင်နိုင်ခြင်း မရှိသေးသမျှ ကျေးလက်ဖွံ့ဖြိုးရေးဟာ နှောင့်နှေးကြန့်ကြာနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ဝေးလံခေါင်းပါးဒေသများရှိ မျိုးနွယ်စုများ၊ တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်းသင်ဌာနများတွင် ပါဝင်တက်ရောက် သင်ယူနိုင်ရေးအား သတ်မှတ်အရည်အသွေး မပြည့်မီပါက အထူးကိစ္စရပ်အဖြစ် ထည့်သွင်းစဉ်းစားပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးနိုင်ရေး အဆိုကို တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်မောင်ရည်ဖြစ်ပါတယ်။ ဦးစောသိန်းအောင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းထားတဲ့ ဝေးလံခေါင်းပါးဒေသများရှိ မျိုးနွယ်စုများ၊ တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်းသင်ဌာနများတွင် ပါဝင်တက်ရောက် သင်ယူနိုင်ရေးအား သတ်မှတ် အရည်အသွေး မပြည့်မီပါက အထူးကိစ္စရပ်အဖြစ် ထည့်သွင်းစဉ်းစား ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးနိုင်ရေးအဆိုဟာ အဆိုပါတဲ့အတိုင်းပဲ ဖွံ့ဖြိုးမှုနည်းပါးတဲ့ ဝေးလံခေါင်းပါးဒေသများမှာရှိတဲ့ မျိုးနွယ်စုတွေ တိုင်းရင်းသားတွေအတွက် ဖြေလျော့စဉ်းစားပေးနိုင်ရေးအတွက် လိုအပ်တဲ့အဆိုတစ်ရပ် ဖြစ်တဲ့အတွက် ကျွန်တော်က ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကလည်း ရှင်းလင်းတဲ့အဆိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထပ်မံထောက်ခံဆွေးနွေးရန် မလိုဘဲနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အဆိုနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ရဲ့ တင်ပြထားတဲ့အဆိုဟာ အင်မတန် အခြေအနေ အချိန်အခါနှင့်ကိုက်ညီတဲ့ အဆိုလို့လည်း ပထမဦးဆုံးအနေနဲ့ ပြောကြားပါရစေ။ ကျွန်တော်တို့ဟာ ငယ်ငယ်က ကျောင်းသားဘဝမှာ ထူးချွန်လို့ လူရည်ချွန်တွေရတဲ့အခါမှာ ကျွန်တော်တို့နှင့်အတူတူ ဝေးလံခေါင်းပါးဒေသ ကရတဲ့လူရည်ချွန်ကလေးများဟာ သူငယ်ချင်းများဟာ ၁၀ တန်းအောင်တဲ့အခါမှာ တချို့ကလည်း အောင်ရုံပဲ အောင်တယ်။ တချို့ကလည်း လူရည်ချွန်သာရပေမယ့် ၁၀တန်း မှာ B List တွေဖြစ်ကြတယ်။ ကျွန်တော်တို့ အဲဒီတုန်းကတည်းက စဉ်းစားမိတဲ့အခါမှာ ဘာလို့များ အဲဒီလိုဖြစ်ရပါလိမ့်။ ထူးချွန်ရဲ့သားနဲ့တော်ရဲ့သားနဲ့ ဆိုတဲ့ အခါမှာ ပညာသင်ယူခွင့် အခြေအနေအခွင့်အလမ်းတွေ၊ လူမှုရေး၊ စီးပွားရေးအခြေအနေ အခွင့်အလမ်း တွေမတူတာ အဲဒီတုန်းကတည်းက လွန်ခဲ့သော နှစ်ပေါင်း၄၀ကျော်ကတည်းက ကျွန်တော်တို့ စိတ်ထဲမှာ ရှိပါတယ်။ တက္ကသိုလ်တွေရောက်လာတဲ့အခါမှာလည်း တက္ကသိုလ်မှာပါမောက္ခချုပ်၊ ပါမောက္ခဖြစ်လာတဲ့ အခါမှာလည်း ၁၀ တန်းအမှတ်တစ်ခုတည်းကို အခြေခံပြီးရွေးတဲ့အတွက် ပညာရေးအခွင့်အလမ်း၊ လူမှုရေး အခွင့်အလမ်း မတူတဲ့ဒေသတွေက ကလေးတွေဟာ ဘယ်တော့မှတော့ အသက်မွေးဝမ်းကျောင်း ဆရာဝန်၊ သွားစိုက်ဆရာဝန်၊ သွားအထူးကုဆရာဝန် ဒါတွေ ဖြစ်လာကြမှာမဟုတ်ဘူး။ ဒါတွေ ကျွန်တော်တို့သိထား ပါတယ်။ ဒါကြောင့်မို့လို့ အခုအချိန်မှာ ကျွန်တော်တို့ အနေနဲ့ စတင်ပြီးတော့ ဒီဟာကို စဉ်းစားပြီးတော့ ဘယ်လိုလုပ်သင့်သလဲကို ကျွန်တော်တို့နှင့် အခြေအနေတူတဲ့နိုင်ငံများကို လေ့လာပါတယ်။ ဥပမာ အိန္ဒိယလိုနိုင်ငံမျိုး လူမျိုးရေးရော၊ ဘာသာရေးရော၊ ဇာတ်အနိမ့်အမြင့်ရော ကွဲပြားတဲ့နေရာတွေမှာ အင်မတန် နာမည်ကြီးတဲ့ တက္ကသိုလ်ကြီးတွေ အိတ်စ်၊ အောတန်စ်၊ India Institute of Medicine ဒါတွေကို လေ့လာတဲ့အခါမှာ သူတို့မှာလူတွေအတွက် Under Public လူတွေအတွက်ကို သူတို့ ကိုယ်တန်စ် System လေးရှိပါတယ်။ ဒါကို အခြေခံစဉ်းစားပြီးတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ပါမောက္ခချုပ်များ အကုန်စဉ်းစားပြီးတော့ နိုင်ငံတော်သမ္မတကြီးထံတင်ပြပြီးတော့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ များ ၆ ခုပေါ့။ ဒေသနှင့်တိုင်း ၆ ခုရယ် နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ ဒေသစရိတ်ခံစားခွင့်ရှိတဲ့ သွားလာရေးလူမှုရေးခက်ခဲတဲ့ ဒေသတွေကနေပြီးတော့ ကျွန်တော်တို့ အထူးအစီအစဉ်နှင့် အမှတ်ကိုစံချိန်ကို အနည်းငယ်လျော့ပေါ့ပြီးရွေးချယ်ပေးမယ်။ မူကြမ်းလေးတင်ပါတယ်ခင်ဗျား။ တင်တဲ့အခါမှာ ကျွန်တော်တို့က ၃ ရာခိုင်နှုန်းထက် သူတို့နိုင်ငံတွေမှာလည်းများသောအားဖြင့် ၃ ရာခိုင်နှုန်းထက် မများသောလို့ တင်တဲ့အတွက် ကျွန်တော်တို့က ဒီနှစ်မှာ ကျောင်းသား ၁၂၀၀ ယူမယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် ၃၆ ယောက် ထက်မများ သော အရေအတွက်ကို ဝေးလံခေါင်းပါး တဲ့ လူမှုရေးခက်ခဲတဲ့ ဒေသတွေကနေရွေးချယ်ဖို့ ကျွန်တော်တို့ မူ

အားဖြင့်တင်တဲ့အခါမှာ သမ္မတကြီး ကဒီ မူလေးချပေးပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့ ရွေးချယ်ပါတယ်။ အဲဒီလို ရွေးချယ်လိုက်တဲ့အခါမှာ အခုအချိန်မှာ သတင်းစာတွေထဲမှာလည်း ကြေညာပြီးရွေးတဲ့အတွက် နာဂ၊ ဓနု၊ ပအိုဝ်၊ ပလောင်၊ ကိုးကန့်၊ ဝ နှင့် ခုနက လူမှုရေးခက်ခဲတဲ့ ၈၇ မြို့နယ်ကနေပြီးတော့ အခု ၃၄ ယောက် စာရင်း ထုတ်ပြန်ပြီးတော့၊ ရွေးချယ်ပြီတော့ ဒီနှစ်တက်ရောက်ခွင့်ရကြမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ Quality ကို ထိန်းတဲ့အနေနဲ့ အထူးအစီအစဉ်အနေနဲ့ တက်ရောက်ခွင့်ပေးတာဖြစ်ပေမယ့်လည်း Quality ကို စိုးရိမ်ကြတဲ့ လူကြီးများအတွက်လည်း ကျွန်တော်တို့က Quality ကို ချပေးပြီးတော့ စာမေးပွဲတွေအအောင် ပေးမယ့် သဘောမျိုးမဟုတ်ပါဘူးခင်ဗျား။ ဆေးကျောင်းရောက်လို့ရှိရင်တော့ အများနည်းတူ သူတို့ကြိုးစား ပြီးတော့ သူတို့ရဲ့အရည်အချင်းကို ပြသပြီးတော့ အများနည်းတူ အောင်အောင်ဖြေကြရ မယ်လို့သတ်မှတ် ပါတယ်။ ဆေးကျောင်းတက်ရောက်ဖို့ အခွင့်အရေးကို ပေးတာဖြစ်ပါတယ်။ ဒါ ဆရာဝန်များကိစ္စနှင့် ပတ်သက်လို့ပါ။ ဒီလိုပဲ ကျွန်တော်တို့အနေနဲ့ သမ္မတကြီးရဲ့မူချပေးတဲ့အခါမှာလည်း ဒါသည် ဒီနှစ်မှုသည် အတည်မဟုတ်ဘဲနဲ့ ပြည်သူ့ရဲ့အသံကို နားထောင်ပြီးတော့ ဒီအခြေအနေပေါ်မူတည်ပြီးတော့ နောင်နှစ်တွေမှာ ပြုပြင်သွားဖို့ Modified လုပ်သွားဖို့လည်း သမ္မတကြီးလမ်းညွှန်ထားတာရှိတဲ့အတွက် ကျွန်တော်တို့ ဒီအတိုင်းပဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သူနာပြုများ၊ သားဖွားဆရာမများကဏ္ဍနှင့် ပတ်သက်လို့တော့ ပြည်နယ်နှင့် တိုင်းတွေမှာ ၄၆ ခုသော သင်တန်းကျောင်းများဖွင့်လှစ်ထားတာရှိပါတယ်။ ဒီသင်တန်းတွေမှာ ဆိုလို့ရှိရင်လည်း ၅ မှ ၁၀ ရာခိုင်နှုန်းအထိမများသော အရေအတွက်ကို အထူးအစီအစဉ်အရ လျှော့ပေါ့ပြီးတော့ ရွေးချယ်ပါတယ်။ ဒေသအစီအစဉ်အရ ဝေးလံခက်ခဲတဲ့ဒေသတွေမှာ ပြန်လည်လုပ်ကိုင်နိုင်ဖို့ အရင်ကတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနကနေပဲ ၅ မှ ၁၀ ရာခိုင်နှုန်းကို ရွေးချယ်ခဲ့ပေမယ့် ဒီနှစ်ကစပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသများကပဲ သူတို့ရဲ့ အထူးအစီအစဉ်အရ ၅ မှ ၁၀ ရာခိုင်နှုန်း ဆိုတဲ့ကိစ္စကို ရွေးချယ်စေဖို့ Criteria ပေး ပါတယ်။ ရွေးချယ်စေဖို့ ပြန်ပြီးတော့ မေတ္တာရပ်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိ ကျင့်သုံးနေတဲ့ Centralization မူအရလည်း ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေဟာ သူတို့ရဲ့ဒေသအတွက်၊ သူနာပြုသားဖွားအတွက် သူတို့ရဲ့အထူးအစီအစဉ်တွေကို သူတို့ကိုယ်တိုင် ရွေးချယ်တာက ဒေသအခြေအနေနဲ့ ပိုကိုက်ညီမယ်ဆိုပြီး ကျွန်တော်တို့ ပြန်လည်ပြီးတော့ လွှဲပြောင်းပေးခြင်းဖြစ်ပါတယ်။ နောင်နှစ်တွေမှာဆိုရင် လည်း တစ်ဆင့်ပြီးတစ်ဆင့် သူနာပြုသားဖွားများကို ကျွန်တော်တို့က Criteria ပဲသတ်မှတ်ပေးပြီးတော့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် သူတို့ရဲ့လိုအပ်ချက်အရ ရွေးချယ်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့တွေက တိုင်းဒေသကြီးများက သင်တန်းသားတွေကိုပဲ သင်တန်းပေးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသိန်းအောင်တင်ပြထားတဲ့အဆိုသည် ကျွန်တော်တို့ ဝန်ကြီးဌာနက လက်ရှိ ဆောင်ရွက်နေတယ်။ ရှေ့ဆက်လည်းဆောင်ရွက်မယ့်လုပ်ငန်းများ အစီအစဉ်နဲ့လည်းကိုက်ညီတဲ့ အတွက်ကြောင့်မို့လို့ မှတ်တမ်းတင်ထားသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ ကျေးဇူးအများ ကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးဖြစ်ပါတယ်။ ကျွန်တော်တို့ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင် တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိတဲ့ကိစ္စရပ်များကို တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှာ အစိုးရနည်းပညာအထက်တန်းကျောင်းများကို နိုင်ငံအနှံ့အပြားမှာ ၃၆ ကျောင်းဖွင့်လှစ်ထားရှိပါတယ်။ အဲ့ဒီနည်းပညာအထက်တန်းကျောင်းများ ၈ တန်းအဆင့်တွေကို လက်ခံပြီးတော့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ နည်းပညာဘာသာရပ် ၆ ခုကို စာတွေ့လက်တွေ့များသင်ကြားပေးတဲ့အပြင် အထက်တန်းကျောင်းမှာ သင်ကြားလျက်ရှိတဲ့ကျန်တဲ့ဘာသာရပ်တွေကိုလည်း တစ်ပြိုင်တည်းပူတွဲပြီးတော့ သင်ကြားပေးလျက်ရှိပါတယ်။ ဒီကျောင်းတွေမှာတက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူများဟာ သက်ဆိုင်ရာဘာသာရပ်များကို အရည်အချင်းပြည့်မီစွာ အောင်မြင်လို့ရှိရင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှာ ဖွင့်လှစ်ထားရှိတဲ့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှာ လက်ခံသင်ကြားပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အစိုးနည်းပညာအထက်ကျောင်းတွေကနေတစ်ဆင့် ဝေးလံခေါင်းပါးဒေသမှာရှိတဲ့ မျိုးနွယ်စုများ၊ တိုင်းရင်းသားများဟာ ကျွန်တော်တို့ရဲ့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှာ တက်ရောက်ခွင့်များရရှိလျက်ရှိပါတယ်။ ရှေ့ဆက်လက်ပြီးလည်း ဝေးလံခေါင်းပါးဒေသမှာရှိတဲ့ မျိုးနွယ်စုများ၊ တိုင်းရင်းသားများဟာ ကျွန်တော်တို့ရဲ့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတွေမှာ ပိုမိုပြီးတော့ လက်ခံနိုင်ရေးအတွက်လည်းဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား သက်ဆိုင်သူက ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန )**။ ။မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ၊ ဧည့်ပရိတ်သတ်များအားလုံးကို ရိုသေလေးစားပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးစောသိန်းအောင်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီးဦးအေးကြူက ပြန်လည်ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ဦးစွာပထမအဆိုကို ကြိုဆိုပါကြောင်းနှင့် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ပညာရေးကဏ္ဍမှာဆောင်ရွက်နေတဲ့ အချက်အလက်တွေကို ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။ အဆိုရဲ့ အခြေခံပညာရေးနှင့်ပတ်သက်တဲ့ တင်ပြချက်အကျဉ်းကို ကျွန်တော်ပြန်လည်တင်ပြရ

မယ်ဆိုရင် ကျေးရွာများမှာရှိတဲ့ အခြေခံပညာစာသင်ကျောင်းများဟာ ဒေသခံများအနေနဲ့ ဦးဆောင်တာဝန်ယူခွင့်မရှိသေးသမျှ ဒီကျေးရွာတွေရဲ့ပညာရေးဟာ နောက်ကျနေဦးမှာ ဖြစ်ပါတယ်။ တစ်ရပ်တကျေးက တစ်နှစ်တန် နှစ်နှစ်တန်သည် လာရောက်သင်ကြားပေးပြီး ပုံမှန်ပြောင်းရွှေ့နေသမျှ ကာလပတ်လုံး ဒီဒေသရဲ့ ပညာရေးဟာ ရှေ့တိုးနိုင်မှာမဟုတ်ပါဘူး။ ဒီဒေသရှိ ဒေသခံများအနေနဲ့ မပြောင်းမရွှေ့ တာဝန်ယူဆောင်ရွက်နိုင်မှသာ တိုးတက်မှာဖြစ်ပါတယ်။ လက်ရှိဖြစ်နေတဲ့အခြေအနေကလည်း ကျေးလက်တောရွာနေ ၁၀ တန်းအောင်ကျောင်းသားများရဲ့ ရမှတ်ဟာ  ပညာရေးကောလိပ်ကိုပင် မချဉ်းကပ်နိုင်တဲ့အတွက် ဒေသပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခဲလေသမျှသဲရေကျ ဖြစ်ခဲ့ရပါတယ်ဆိုပြီးတော့ တင်ပြထားတာကိုတွေ့ရပါတယ်။ ဖြစ်ရပ်အမှန်လဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတစ်နှစ်ခွဲကာလအတွင်း တွေ့ရှိချက်အရ မှန်ကန်ပါတယ်။ ဒီအပေါ်မှာ ဥက္ကဋ္ဌကြီး ခင်ဗျာ။ ပြည်ထောင်စုချုပ်အနေနဲ့ အခြေခံပညာကဏ္ဍရဲ့ ဆရာကျောင်းသားအချိုးနဲ့ ဖြစ်နေတဲ့ ၎င်းအခြေအနေကို တင်ပြခွင့်ပြုပါ။ လောလောဆယ် ပြည်ထောင်စုချုပ်အနေနဲ့ မူလတန်းပြ၊ အလယ်တန်းပြ၊ ကျောင်းသား ၊စာသင်ခန်း၊ ဆရာအချိုး လိုအပ်ချက်အရ လိုအပ်တဲ့အင်အားဟာ ကနေ့အနေအထားဟာ ၃၁၀၂၅ ယောက်ဖြစ်ပါတယ်။ ပိုနေတဲ့အင်အားက ၃၀၇၉၉ ဦးရှိကြောင်း စာရင်းဇယားများကို စိစစ်တွေ့ရှိရပါတယ်။ ပိုနေတဲ့အင်အားအများစုကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲမြို့ပြနဲ့ သွားရေးလာရေး လွယ်ကူတဲ့ ကားလမ်းဘေး၊ ရထားလမ်းဘေး အားလုံးမှာပိုလျှံနေကြပြီးတော့ သွားရေးလာရေးခက်ခဲတဲ့ ဝေးလံဒေသ ဆက်သွယ်ရေး ဆက်သွယ်ရေးခက်ခဲတဲ့ ကျေးလက်ဒေသများရဲ့ ကျောင်းများမှာတော့ ဆရာများလိုအပ်နေတာ စိစစ်တွေ့ရှိရပါတယ်။ ဒါကလည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်မယ်ဆိုလို့ကတော့ အဓိကကတော့ ဝန်ကြီးဌာနမှာလဲလုံးဝ ပိုပြီးတော့တာဝန်ရှိသလို အခြားပြည်သူမိဘများကလည်း ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်မှသာ ပိုနေတဲ့အင်အားဟာ လိုတဲ့အင်အားကို ရောက်မှာဖြစ်ပါတယ်။ ယခင်နှစ်တွေ့ရှိချက်အရ ပိုတဲ့နေရာမှဆရာ၊ဆရာမများ ကိုလိုတဲ့ကျောင်းများသို့ပြောင်းဖို့အတွက် စည်းရုံးသိမ်းသွင်းတဲ့အတွက်  မူလတန်းပြ၊ အလယ်တန်းပြ ၆၀၀၀ နီးပါးကို ကျွန်တော်တို့ ပြောင်းရွှေ့နိုင်ခဲ့ပါတယ်။ အထက်တန်းပြ ၁၀၀၀ လောက်ကို ပိုတဲ့ကျောင်းမှ လိုတဲ့ကျောင်းကို  ပြောင်းရွှေ့နိုင်ခဲ့ပါတယ်။ ဒီလိုပြောင်းရွှေ့ပြီးတာကိုပင်လျှင်  ကျွန်တော်တို့ ကနေ့ အနေအထားသည် မူလတန်းပြ၊ အလယ်တန်းပြ ၃၀၀၀၀ ကျော်လိုနေပါတယ်။ အထက်တန်းပြ ၄၅၅၅ ယောက် လိုနေတာ တွေ့ရှိရပါတယ်။ ပညာရေးရဲ့ သဘာဝအရ ကျောင်းသားရှိရင် ဆရာရှိရမှာ ဖြစ်ပါတယ်။ အချိုးညီဖို့ ဆရာ၊ ကျောင်းသား ၊စာသင်ခန်း အထက်တန်းအတွက်ဆို ဘာသာရပ်လဲ ကိုက်ညီဖို့အတွက် လိုအပ်ပါတယ်။ ဆရာရှိပြီးတော့ ဒီဆရာကလဲ ကျောင်းမှန်မှန်တက်ဖို့ လိုအပ်ပါတယ်။ အဲ ကျောင်းတက်ပြီးတော့ ဒီဆရာသည် ကောင်းကောင်းမွန်မွန်နဲ့ စေတနာသုံးတန် နာသုံးနာနဲ့ စာသင်ကြားပေးဖို့လဲ လိုအပ်ပါတယ်။ ပြီးမှဒီဆရာများရဲ့ အရည်အသွေးကို မြှင့်တင်ပေးဖို့လဲ လိုအပ်ပါတယ်။ လောလောဆယ် ကျွန်တော်တို့ဖြစ်နေတဲ့ အနေအထားသည် ဆရာ၊ ကျောင်းသားနဲ့ ကျေးလက်နဲ့ ဝေးလံဒေသများမှာ  မူလတန်း၊ အလယ်တန်းအဆင့် ၃၀၀၀၀ ၊ အထက်တန်းအဆင့် ၄၀၀၀ လောက်ဟာ ဆရာ၊ ကျောင်းသားအချိုး မမျှတစွာနဲ့ သင်ကြားနေရတာ ကနေ့အချိန်ထိပဲ ဖြစ်ပါတယ်။ဤအတွက် လာမယ့်စာသင်နှစ်ကစပြီးတော့ ၁၀တန်းအောင်တဲ့ ကျောင်းသားများကိုလက်ရှိအနေ

အထား ခရိုင်အဆင့်နဲ့ ရွေးချယ်တဲ့စနစ်အစား မြို့နယ်အလိုက် မြို့နယ်ခွဲအလိုက် မြို့နယ်ခွဲ၊ မြို့နယ်ရဲ့ လိုအပ်ချက်အခြေအနေအတွက်သာ ကျွန်တော်တို့ဖော်ပြပြီးတော့ ဒီမြို့နယ်ခွဲကဒေသခံ ဆရာအတတ်သင် တက်လိုတဲ့ ကျောင်းသူကျောင်းသားများကို ရွေးချယ်ဖို့အတွက်စီမံ လျာထားမှာဖြစ်ပါတယ်။ လတ်တလော လိုအပ်နေတဲ့ ဝေးလံဒေသဆရာများကိုလည်း ၁၀ တန်းအောင်၊ ဘွဲ့ရဒေသခံအားလုံးကို ဆွဲခန့်အဖြစ် ခန့်ထား ပေးပြီးတော့ မူလတန်းပြ စာပေးစာယူသင်တန်းတက်ရောက်စေပါမယ်။ ဆရာအတက်ပညာသင်ယူ ပြီးတဲ့ အခါမှဆရာဖြစ် အပြီး နေ့စားကနေ ခန့်အပ်မှာဖြစ်ပါတယ်။ သို့သော်လည်း ဒေသခံအတွက် လက်ရှိခန့်ထားတဲ့ နေရာမှာ ငါးနှစ်တော့တာဝန်ထမ်းဆောင်ဖို့ ကတိခံဝန်ချက်ပြုပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အလားတူပဲခန့်အပ်မယ့် ဆွဲခန့်စုစုပေါင်းဟာ ၆၀၀၀ ခန့် ဖြစ်ပြီး တော့၊ အောက်ခြေဝန်ထမ်း အထွေထွေလုပ်သား၊ ရုံးအကူအပါအဝင် ၄၀၀၀ ကျော်ရှိပါတယ်။ အားလုံး ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁ ရက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အောက်ခြေဝန်ထမ်း ၁၀၀၀၀ ခန့်ကို ခန့်အပ်ပြီးဖြစ်အောင် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး နယ်စပ်ဒေသဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက် အနေအထားကို ကျွန်တော်အကျဉ်းမျှ တင်ပြပါ့မယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ သင်တန်းဆင်းပြီး ကျောင်းသားဦးရေ အလုပ်ခွင်ထဲ ဝင်သွားတဲ့ဦးရေဟာ ဝိဇ္ဇာဘွဲ့ ၄၇၃ ဦး၊ သိပ္ပံဘွဲ့ ၉၁၉ ဦး ၊ AGTI Diploma ၆၃၄ ဦး ၂၀၂၆ ဦး ရှိပါတယ်။ ပညာထူးချွန်ပြီး ဘွဲ့လွန်သင်တန်းတက်ရောက်နေတဲ့ ကျောင်းသားက PhD အပါအဝင် အားလုံးစုစုပေါင်း ၄၀၆ ယောက်ကို စရိတ် on duty နဲ့ အလုပ်တာဝန်နဲ့ အားလုံးအပြည့်အစုံ ထောက်ပံ့ပြီးတော့ နယ်စပ်ဝန်ကြီးဌာနကနေ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဦးစောသိန်းအောင်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာန အနေနဲ့လည်းကောင်း နယ်စပ်ဝန်ကြီးဌာန အနေနဲ့လည်းကောင်းဆောင်ရွက်နေပြီ ဖြစ်တဲ့အတွက် အဆိုရှင်ရဲ့အဆိုကို မှတ်တမ်း တင်သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အဆိုရှင် ဦးစောသိန်းအောင်ရဲ့ သဘောထားပြောပါ။

**ဦးစောသိန်းအောင်(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာ ဝန်ကြီးများအနေနဲ့ ကျွန်တော့်အဆိုအပေါ်မှာ မိမိတို့ရဲ့ဌာနအနေနဲ့ လက်ရှိလုပ်ဆောင်နေပြီဖြစ်ကြောင်း ကြားသိရတဲ့အတွက် များစွာဝမ်းမြောက်ပါတယ်။ နောက် ရှေ့ဆက်ပြီးတော့ စဉ်ဆက်မပြတ် ဆက်လက် ပြီးတော့ အားပေးနိုင်ဖို့အတွက် ဒီကျွန်တော့်ရဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ဖို့ ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။

**ဝေးလံခေါင်းပါးဒေသများရှိ မျိုးနွယ်စုများ၊ တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်း သင်ဌာနများတွင် ပါဝင်တက်ရောက် သင်ယူနိုင်ရေးအား သတ်မှတ်အရည်အချင်း မပြည့်မီပါက အထူးကိစ္စရပ်အဖြစ်ထည့်သွင်း စဉ်းစားပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများကိုလုပ်ထုံးလုပ်နည်းများသတ်မှတ်ပေးနိုင်ရေး**

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ဦးစောသိန်းအောင်က ဝေးလံခေါင်းပါးဒေသများရှိ မျိုးနွယ်စုများ၊ တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်းသင်ဌာနများတွင် ပါဝင်တက်ရောက်ရန် သတ်မှတ်အရည်အသွေးမပြည့်မီပါက အထူးကိစ္စရပ်အဖြစ်ထည့်သွင်း စဉ်းစားပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများကို လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးနိုင်ရေး အဆိုကိုတင်သွင်းရာမှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက အဆိုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ဒီအဆိုကိုမှတ်တမ်းတင်ထားရှိဖို့ ဆွေးနွေးတဲ့နေရာမှာ အဆိုရှင်ကလည်း မှတ်တမ်းတင်ထားရှိပေးရေးအတွက် လက်ခံတဲ့အတွက် ဦးစောသိန်းအောင်ရဲ့ အဆိုကို မှတ်တမ်းတင်ထားရှိခြင်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဂွမဲဆန္ဒနယ်က ဦးကြည်သာ အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

## နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့်ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မယ့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို ကုမ္ပဏီအဖွဲ့အစည်းများသို့အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်(JV/B.O.T)နှင့် တိုင်းရင်းသားကုမ္ပဏီများသို့ လုပ်ပိုင်ခွင့်ပြုသည့်စနစ်(B.O.T)ကျင့်သုံးနိုင်ရေးအတွက် လွှဲပြောင်းပေးအပ်ခြင်းမပြုရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ဧည့်သည်အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်က ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့် အဆိုခေါင်းစဉ်က နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မယ့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို ကုမ္ပဏီအဖွဲ့အစည်းများသို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်(JV/B.O.T)နှင့် တိုင်းရင်းသား ကုမ္ပဏီများသို့ လုပ်ပိုင်ခွင့်ပြုသည့်စနစ်(B.O.T)ကျင့်သုံးနိုင်ရေးအတွက် လွှဲပြောင်းပေးအပ်ခြင်းမပြုရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆို

နဲ့ပတ်သက်ပြီး ကျွန်တော်ဆက်လက်ရှင်းပြပါမယ်။ ယခုမြင်တွေ့နေရတဲ့ပုံကတော့ ကျွန်တော်တို့ဒီနေ့ နိုင်ငံတော်မှ ရေအားလျှပ်စစ်စက်ရုံ ၁၉ မှ နိုင်ငံတော်လျှပ်စစ်ဓာတ်အားပေးနေတဲ့နေရာတွေ ဖြစ်ပါတယ်။ အဲဒီအထဲမှာ အပေါ်ကအနီရောင်ပြထားတဲ့ ကျွန်တော်တို့ ကချင်ပြည်နယ်မှာရှိတဲ့ တာပိန်ရေအားလျှပ်စစ်စက်ရုံနဲ့ ရှမ်းပြည်နယ်နမ့်ခမ်းမှာရှိတဲ့ ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံနှစ်ခုဟာဖြင့် ဒီ JV ကုမ္ပဏီအနေနဲ့ ပိုင်ဆိုင်ခြင်းဖြစ်ပြီးတော့ ကျန်တဲ့စက်ရုံ ၁၇ ရုံကတော့ ကျွန်တော်တို့ နိုင်ငံတော်က ရာခိုင်နှုန်းပြည့်ပိုင်တဲ့ စက်ရုံများဖြစ်ပါတယ်။ ဒီနေရာမှာ ပြီးခဲ့တဲ့ နွေရာသီ မေလတုန်းက ကျွန်တော်တို့ နိုင်ငံတော်မှာ လျှပ်စစ်မီးမလုံလောက်မှုကြောင့် လူထုတချို့ရဲ့ ဆန္ဒပြခဲ့တာတွေ ဆန္ဒဖော်ထုတ်မှု ပြုလုပ်ခဲ့တာတွေ ကျွန်တော်အနည်းငယ်ရှင်းပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရေအားလျှပ်စစ်စက်ရုံ ၁၉ ရုံ၊ ကျောက်မီးသွေးစက်ရုံတစ်ရုံ၊ သဘာဝဓာတ်ငွေ့ ၁၅ ရုံစုစုပေါင်း စက်ရုံ ၃၅ ရုံဟာ စုစုပေါင်း ကျွန်တော်တို့ ထုတ်လုပ်မှုဟာ ၃၄၁၇ ရှိပေမယ့် ပြီးခဲ့တဲ့ နွေရာသီမှာ နွေရာသီဖြစ်တဲ့အတွက်ကြောင့် ရေအားလျှပ်စစ်တွေဟာ ဆည်မှာရေနည်းတဲ့အတွက်ကြောင့် ထုတ်လုပ်မှုကျတဲ့အချိန်မှာ သဘာဝဓာတ်ငွေ့စက်ရုံတွေဟာလည်း သဘာဝဓာတ်ငွေ့ အလုံအလောက်မရရှိတာတွေရယ်၊ စက်က ဟောင်းနွမ်းနေတာတွေကြောင့် ထုတ်လုပ်မှုနည်းပါးတဲ့အချိန်မှာ ရွှေလီကနေပေးပို့တဲ့ ၂၃၀ ကေဗွီဓာတ်အားလိုင်းကြီးကို ဖောက်ခွဲဖျက်ဆီးခြင်းခံရတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံတော်မှာ ဓာတ်အားပေးနိုင်တာ ၁၀၀၀ မဂ္ဂါဝပ်ကျော်ကျော်လေးပဲ ပေးနိုင်ပါတယ်။ ဒီအချိန်မှာ တကယ်လို အပ်တာက ၁၈၀၀ ခန့်လိုအပ်တဲ့အတွက်ကြောင့် မလုံလောက်မှုပေါ်မှာမူတည်ပြီးတော့ အချို့ပြည်သူများ ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခဲ့ကြပါတယ်။ ဒီဖြစ်ပွားမှုနောက်ပိုင်းမှာ သက်ဆိုင်ရာလျှပ်စစ်ကဏ္ဍမှတာဝန်ရှိသူတွေဟာ ဒီလိုမျိုးမပျက်အောင်ဆိုပြီးတော့ ဘယ်လိုလုပ်ကြမလဲဆိုပြီးတော့ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီးတော့ အကြံဉာဏ်ကောင်းများတောင်းကြပါတယ်။ စာနယ်ဇင်းတွေ၊ ဂျာနယ်တွေကလည်း ဝေဖန်ခြင်းမျိုး၊ အကြံဉာဏ်ပေးခြင်းမျိုး များစွာလုပ်ခဲ့ကြပါတယ်။ အဲဒီတော့ အခုလက်ရှိနိုင်ငံတော်က မောင်းနှင်နေတဲ့ ရေအားလျှပ်စစ်စက်ရုံတော်တော်များများကို ပုဂ္ဂလိကကိုလွှဲပြောင်း ပေးသင့်တယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံတော်က အရင်းအနှီး စိုက်ထုတ်လုပ်ကိုင်နေတဲ့ စီမံကိန်းတချို့ကိုလည်း တခြားကုမ္ပဏီတွေကို ပေးသင့်တယ်ဆိုပြီးတော့ အကြံဉာဏ်ပြုခဲ့တာတွေလည်း ရှိပါတယ်။ နောက်ဆုံး ဒီလျှပ်စစ် (၁) ဝန်ကြီးဌာနကြီးတစ်ခုလုံးကိုပဲ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖို့ဆိုပြီးတော့ အကြံပြုတယ်။ တစ်နည်းအားဖြင့်ပြောရင် လျှပ်စစ် Sector အတွက် Reform Plan တွေအများကြီးလုပ်ကြပါတယ်။ အကြံဉာဏ်အမျိုးမျိုးပေးကြပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ တစ်ခုခု လွဲချော်သွားလို့ရှိရင် အစမ်းသပ်ခံနေရတဲ့ လျှပ်စစ်ကဏ္ဍအဖြစ်ရောက်မှာကို လည်း ကျွန်တော်တို့ စိုးရိမ်ရပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်ဆက်လက်တင်ပြပါ့မယ်။ ယခု ကျွန်တော်တင်ပြထားသလိုပဲ ဒီနေ့ နိုင်ငံတော်က ရေအားလျှပ်စစ်ပေးနေတဲ့အထဲမှာ ကျွန်တော်တို့ နိုင်ငံတော်ပိုင်က ၆၈.၅ ရာခိုင်နှုန်းရှိပါတယ်။ ကျွန်တော်တို့ ၁၈၂၀ မဂ္ဂါဝပ်ရှိပါတယ်။ ကျွန်တော်တို့နဲ့ ဖက်စပ်ကုမ္ပဏီတွေက စက်ရုံနှစ်ရုံက ၈၄၀ မဂ္ဂါဝပ်နဲ့ ၃၁.၅၀ ရာခိုင်နှုန်းရှိပါတယ်ခင်ဗျ။

ကျွန်တော်ဆက်လက်ပြီးတော့ ဒီနေ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ၅ နှစ်စီမံကိန်း အတွက်ပေးထားတဲ့ စာအုပ်တွေထဲမှာ ရေအားလျှပ်စစ်ကဏ္ဍကို စီမံကိန်း ၁၀ ခု တင်ပြထားပါတယ်။ ဒါဟာ ကျွန်တော်တို့ ဒီငါးနှစ် ၂၀၁၁-၂၀၁၂ ခုနှစ်ကနေ ၂၀၁၅-၂၀၁၆ ခုနှစ်ထိ ငါးနှစ်မှာအကောင်အထည်ဖော်မယ့် စီမံကိန်းကြီး ၁၀ ခုဖြစ်ပါတယ်။ အဲဒီအထဲမှာ စီမံကိန်းတော်တော်များများဟာ ယခု မြင်ရတဲ့အတိုင်းပဲ ၂၀၁၄-၁၅ မှာ ပြီးမှာဖြစ်သလို နောက်အကျဆုံး ၂၀၂၀-၂၁ ပြီးမယ့် စီမံကိန်းလည်း ရှိပါတယ်။ ရွှေလီ(၃) ဆိုတဲ့ရေအားလျှပ်စစ်စီမံကိန်းဟာဆိုရင် ကျွန်တော်တို့ ရေအားလျှပ်စစ်ဌာနက အဲဒီနေရာမှာ Dam ဆောက်မယ့် နေရာခြောက်ခုမှာ အကောင်းဆုံး နံပါတ်ငါးနေရာကိုငှားရမ်းထားတဲ့ Consultant Engineer နဲ့အတူ Final ရွေးထားပြီးဖြစ်ပါတယ်။ ဌာနကဒီလို အဆင်သင့်၊ Design Report အထိ လုပ်တဲ့ လုပ်ငန်းကြီးတစ်ခုကို နိုင်ငံခြား သို့မဟုတ် ပုဂ္ဂလိကကို လွှဲပြောင်းမပေးသင့်ဘူးလို့ ကျွန်တော်ယူဆတဲ့အတွက်ကြောင့် ကျွန်တော် ဒီအဆိုကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒီမှာတစ်ဆက်တည်း နံပါတ်(၇)ဒီမဏိပူရရေအားလျှပ်စစ်စီမံကိန်းဆိုတာ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအစပ်မှာရှိပါတယ်။ ဒီမဏိပူရ ရေအားလျှပ်စစ်စီမံကိန်းကို သက်ဆိုင်ရာ လျှပ်စစ်(၁)ဝန်ကြီးဌာနရဲ့ ကျွန်တော်တို့ ငါးနှစ်ကာလတို စီမံကိန်းမှာ သူတို့အပြီးရေးဆွဲမယ်ဆိုပြီးတော့ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှာ ကျပ်သန်းပေါင်း ၁၄၈၁၁.၉၊ ၂၀၁၄-၁၅ မှာ ၁၃၇၁၄.၇၊ ၂၀၁၅-၁၆ မှာ ကျပ် ၉၈၇၄ သူတို့လျာထားတောင်းခံထားတာ တွေ့ရပါတယ်။ ဒါပေမယ့် ဒီလို တောင်းခံထားတဲ့ စီမံကိန်း ဟာ ၂၈-၉-၂၀၁၂ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၉ ရက်က နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ JV လုပ်ဖို့ သူတို့က MOU ထိုးတာကို ကျွန်တော်ကြားသိရပါတယ်။ ဒါနဲ့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ယခုဆောင်ရွက်နေတဲ့ ၁၀ ခုထဲက နောက်ထပ်နိုင်ငံခြားနဲ့ JV ကော တိုင်းရင်းသားပုဂ္ဂလိကတွေကော မပေးဘူးဆိုတဲ့ အဆိုပါ။ ဒီဟာမပါတဲ့ ဆောင်ရွက်ခြင်းမရှိရသေးတဲ့ လုပ်ငန်းကို ကျွန်တော်ဆိုလိုခြင်း မဟုတ်ပါ။ ကျွန်တော်ပြီးခဲ့တဲ့ စက်တင်ဘာ ၂၁ ရက်နေ့က လျှပ်စစ်ဝန်ကြီးဌာနမှာ လုပ်တဲ့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှာ သွားတက်ခဲ့ပါတယ်။ တချို့ပြည်နယ်နဲ့ တိုင်းမှ လျှပ်စစ်ဝန်ကြီးတွေဟာ သူတို့တိုင်းသူတို့ဌာနမှာ အကောင်အထည် ဘယ်သူမှလာရောက်မလုပ်သေးသော ရေအားလျှပ်စစ်စီမံကိန်းတော်တော်များများကို လာရောက်လုပ်ကိုင်ဖို့ တိုင်းရင်းသားလုပ်ငန်းရှင်တွေရော နိုင်ငံခြားသားတွေကိုရော ဖိတ်ခေါ်ခဲ့ရပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ စီမံကိန်း ၁၀ ခုထဲမှာ မပါတဲ့လုပ်ငန်းတွေ အများကြီးကျန်ပါသေးတယ်။ အဲဒီတော့ တိုင်းရင်းသားဖြစ်ဖြစ်၊ နိုင်ငံခြားသား ဖြစ်ဖြစ် မပါသေးတဲ့ဟာတွေကို လုပ်တာကို ကျွန်တော်ဘာမှ မပြောလိုပါဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဒီ ၉ ခုမှာ ထပ်ပြီးတော့ ဖွဲ့မပေးရေးကို ကျွန်တော်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ဒီနေ့နိုင်ငံတော်က ရေအားလျှပ်စစ်ကဏ္ဍကို အောင်မြင်အောင် နည်းသုံးမျိုးနဲ့လုပ်ဖို့ ဖြစ်ပါတယ်။ ပထမဥစ္စာကတော့ နိုင်ငံတော်က ဦးစီးပြီးတော့ လုပ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ပြောရရင် ကျွန်တော် ရေအားလျှပ်စစ်ဌာနဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းလို့ခေါ်တဲ့ K.T.A Consultant တွေရဲ့ Report အရ လုပ်တဲ့အထဲမှာ လောပိတရေအားလျှပ်စစ်စီမံကိန်းဟာ ပထမဆုံး ဖြစ်ပါတယ်။ ၁၉၆၀ မှာ ပြီးစီးသွားပါတယ်။ ဒီလောပိတပြီးသွားတဲ့ အခါကျတော့ စက်သုံးလုံးပဲလည်တဲ့အတွက်ကြောင့် ကျွန်တော်တို့ မိုးပြဲရေလှောင်ကန်ကို ဆက်ဆောက်ရပါတယ်။ မိုးပြဲရေလှောင်ကန်ပြီးမှ လောပိတက နောက်ထပ် စက်သုံးလုံး ထပ်ပြီးတော့

လည်နိုင်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ရေအားလျှပ်စစ်မှာရှိတဲ့ အင်ဂျင်နီယာတွေဟာ ၁၉၆၀ ခုနှစ်ပတ်ဝန်းကျင်ကပင် ဆည်တည်ဆောက်မယ့် Equipment တွေ အတွေ့အကြုံတွေ ကျွန်တော်တို့မှာရှိပြီးသားဖြစ်ပါတယ်။ ဒီဖက်ပိုင်းမှာ World Bank တို့ ADB တို့ Loan နဲ့ ကင်းတားနဲ့ ဆည်တော်ကြီးစီမံကိန်းကြီးနှစ်ခုကိုလည်း လုပ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ အတွေ့အကြုံတွေအများကြီး ရှိပါတယ်။ နောက် ဒီပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံဆိုတာ မြေအောက်မှာရှိတဲ့ စက်ရုံပါ။ ရောက်ဖူးတဲ့လူတွေများလည်းသိပါတယ်။ ၊မြေအောက်ထဲမှာ ၂၈၀ မဂ္ဂါဝပ်စက်ရုံကြီးကို ကျွန်တော်တို့တည်ဆောက်ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ကိုယ်တိုင် တည်ဆောက်တဲ့အတွက်ကြောင့် လိုအပ်တဲ့ Equipment တွေဝယ်ခဲ့ရပါတယ်။ ဥပမာအားဖြင့် နော်ဝေနိုင်ငံက ဝယ်ထားတဲ့ Underground တည်ဆောက်တဲ့ ကိရိယာတွေပါပါတယ်။ အလားတူ ရဲရွာရေအားလျှပ်စစ်စက်ရုံဟာဆိုလို့ရှိရင် ယနေ့လက်ရှိ ၇၉၀ မဂ္ဂါဝပ်အနေနဲ့ မြန်မာပြည်မှာအကြီးဆုံးဖြစ်ပါတယ်။ RCC Dam အမျိုးအစားဟာဆိုလို့ရှိရင် ကမ္ဘာ့အဆင့်၊ ၁၀ ထဲမှာ ဝင်ပါတယ်။ ဒီ Dam ကြီးကို ဆောက်ဖို့အတွက်လိုအပ်သော Equipment အမြောက်အမြား ကျွန်တော်ဝယ်ခဲ့ပါတယ်။ ကျွန်တော်ဟာ ၂၀၀၅ ခုနှစ်အထိ ရေအားလျှပ်စစ်ဌာန၊ စက်မှုယန္တရားညွှန်ကြားမှုဦးစီးဌာနမှာ ညွှန်ကြားရေးမှူးအဆင့်အထိ လုပ်ခဲ့တဲ့အတွက်ကြောင့် မြန်မာပြည်မှာရှိတဲ့ ဘယ်ဝန်ကြီးဌာနမှာ ဘယ် Equipment တွေရှိတယ်။ ဘယ်ပုဂ္ဂလိကမှာ ဘယ် Equipment တွေရှိတယ်ဆိုတာကို ကျွန်တော်တော်တော်များများ သိပါတယ်။ ဒီနေ့ ရေအားလျှပ်စစ်လုပ်မယ်ဆိုရင် ကျွန်တော်တို့ ရေအား လျှပ်စစ်ဌာနလောက် Equipment ပြည့်စုံတဲ့ဌာနမရှိပါဘူးခင်ဗျ။ လူအင်အားအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် တည်ဆောက်ရေးဌာနခွဲကြီး ၇ ခု လုပ်ထားပါတယ်။ ဌာနခွဲတစ်ခုက တည်ဆောက်ရေးနှစ်ခု လုပ်ရင်တောင်မှ ၁၄ ခု တစ်ပြိုင်တည်းလုပ်နိုင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံတော်အဆင့်လုပ်ကိုင်တဲ့ ဌာနတွေဟာ လူအင်အားအရရော စက်ယန္တရားအရရော ကျွန်တော်တို့မှာ များစွာ တောင့်တင်းတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒုတိယတိုင်းရင်းသားများ လုပ်ကိုင်တဲ့ဟာကို ကျွန်တော်တင်ပြရလို့ရှိရင် တိုင်းရင်းသားများလုပ်နေတဲ့ စီမံကိန်းသုံးခု ရှိပါတယ်။ အထက်ဘီလူးချောင်းစီမံကိန်း ၂၉ မဂ္ဂါဝပ်၊ ဘီလူးချောင်း(၃) စီမံကိန်း ၅၂ မဂ္ဂါဝပ်၊ သောက်ရေခပ်(၂) ၁၂၀ မဂ္ဂါဝပ်ဆိုပြီးတော့ စုစုပေါင်း ဒီ ၃ ခုဟာ မဂ္ဂါဝပ် ၂၀၁ ရှိပါတယ်။ ဒီစီမံကိန်း ၃ ခုဟာလည်း နောက်တစ်နှစ်၊ နှစ်နှစ်မှာ ပြီးသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့ ဈေးကွက်စီပွားရေးစနစ်အရ တိုင်းရင်းသားတွေကိုလည်း အခွင့်အလမ်း တစ်ဖက်က အခုလိုလုပ်ကိုင်ပေးခြင်းကို ထောက်ခံရမှာဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့အခြေအနေမှာ တိုင်းရင်းသား ကုမ္ပဏီများဟာ လုပ်ငန်းကျွမ်းကျင်မှု၊ Equipment မပြည့်စုံမှုတွေ ရှိပါတယ်။ ဒါနဲ့ ဌာနကပင်စင်ယူသွားတဲ့ လူတွေကိုဖြစ်ဖြစ် ဌာနမှပေးတဲ့လခထက် တော်တော်များများ ပိုပေးပြီးတော့ခန့်ကြပါတယ်။ နိုင်ငံခြားက ကျွမ်းကျင်တဲ့လူတွေငှားရပါတယ်။ အဲဒီအတွက်ကြောင့် တိုင်းရင်းသားကုမ္ပဏီတွေမှာ ငွေကုန်ကြေးကျတော်တော်များပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုတာက ကျွန်တော်တို့ လျှပ်စစ်(၁)ဝန်ကြီးဌာနက တစ်ယူနစ်ကို ၂၀ ကျပ်နဲ့ လျှပ်စစ်(၂)ကို ရောင်းခဲ့ပါတယ်။ အရှုံးမရှိပါဘူး။ ကျွန်တော်တို့ ရေအားလျှပ်စစ်ဌာနမှာ တီကျစ်က ကျောက်မီးသွေးဓာတ်အားပေး စက်ရုံတစ်ခုကို တာဝန်ယူထားရတယ်။ ကျောက်မီးသွေး တစ်နေ့ တန် ၂၀၀၀ လောက် ဝယ်ယူသည် ကြားသိရတော့ ငွေကုန်ကြေးကျများတဲ့

အတွက်ကြောင့် ကျွန်တော်တို့ဟာ ဒီ ၂၀ နဲ့ ရောင်းခဲ့ခြင်း ဖြစ်ပါတယ်။ ကျောက်မီးသွေးစက်ရုံသာ မရှိရင် ကျွန်တော်တို့ ရေအားစီမံကိန်းတွေဟာ ၂၀ အောက်လည်း ရောင်းလို့ရပါတယ်။ ဒီနေ့ ပုဂ္ဂလိကလုပ်တဲ့ သောက်ရေခပ်(၃)ရေအားလျှပ်စစ်စီမံကိန်းဆိုပါဆို့ သူတို့ နောက်တစ်နှစ်၊ နှစ်နှစ်အတောအတွင်းမှာ ပြီးပါပြီ။ မဂ္ဂါဝပ် ၁၂၀ ဆိုတော့ လုပ်ငန်းပမာဏလည်း ကြီးပါတယ်ခင်ဗျ။ ဒါပေမယ့် ဒီစီမံကိန်းပြီးသွားရင် သူတို့ တစ်ယူနစ် ၂၀ နဲ့ မရောင်းနိုင်ဘူးလို့ ကြားသိရပါတယ်။ အနည်းဆုံး ၈၀၊ ၉၀ လောက်လို့ ကြားနေရပါတယ်။ အဲဒီတော့ နိုင်ငံတော်က လုပ်တဲ့အခါ ၂၀ နဲ့ ရောင်းနိုင်တယ်။ ပုဂ္ဂလိကကနေ လုပ်တဲ့အခါ တစ်ရာနဲ့မှ ရောင်းနိုင်မယ်ဆို တစ်ဖက်အားဖြင့် တိုင်းရင်းသားပုဂ္ဂလိကတွေကို အားပေးရမယ်။ တစ်ဖက်အားဖြင့် မီးသုံးစွဲတဲ့ လူထုအပေါ်မှာ ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေသလားဆိုတာလည်း စဉ်းစားရပါတယ်။ ကျွန်တော်တို့ အောက်တိုဘာလ ၂၃ ရက်နေ့က အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ကျွန်တော် သွားရောက်တက်တဲ့အခါ တစ်ချို့ရေအားလျှပ်စစ်က ပုဂ္ဂလိကပေးနေတဲ့ စက်မှုဇုန်တွေဟာ တစ်ယူနစ်ကို ၃၀၀ လောက် တောင်ပေးရတယ်လို့ သူတို့ တင်ပြပါတယ်။ ကျွန်တော်တို့ တင်ပြလိုခြင်းက ပုဂ္ဂလိကတွေကိုလက်တွဲခေါ်ရမယ်။ သို့ရာတွင် ဒီနေ့ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဇယား(၂)မှာ အသေးစား၊ အလတ်စားတွေကို ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ရေးရာဝန်ကြီးတွေကို ကျွန်တော်တို့ လုပ်ကိုင်ခွင့်ပြုမယ်ဆိုပေမယ့် အသေးစားနဲ့ အလတ်စားသတ်မှတ်ချက်ဟာ ဒီနေ့ မပီပြင်သေးပါဘူး။ ဒါတွေ ပီပြင်လာလို့ရှိရင် ပုဂ္ဂလိကတွေကို ဘယ်လောက်အထိ သတ်မှတ်သင့်တယ် ဆိုပြီးတော့ ဥပဒေထွက်လာရင်ပိုပြီးတော့ အဆင်ပြေနိုင်ပါတယ်။ ဒီနေ့ ၁၂၀ မဂ္ဂါဝပ်လောက် လုပ်ငန်းကြီးအတွက်ကျတော့ နိုင်ငံတော်ကလည်း သူ့ကို ငွေချေးပေးရ၊ ဘာညာ လုပ်ငန်းတွေများပါတယ်။ ဒီအတွက် ကျွန်တော်က တိုင်းရင်းသားတွေကိုလည်း မလုပ်ပေးရဆိုတာ ကျွန်တော်တို့ ကျန်တဲ့ ၉ ခုထဲက ကျန်တာ သူတို့လုပ်နိုင်တဲ့အသေးစားတွေကိုတော့ ဆိုလိုခြင်းမဟုတ်ပါဘူး။ ကျွန်တော် နောက်ဆုံး တင်ပြလိုတာက ကျွန်တော်တို့ နိုင်ငံခြားကုမ္ပဏီတွေပါပဲ။ ယခု ကြည့်ရတဲ့အတိုင်းပဲ နိုင်ငံခြားကုမ္ပဏီနဲ့ လုပ်မယ့်စီမံကိန်း ၄၄ ခု ဖြစ်တဲ့အတွက်ကြောင့် ၄.၄ ဆဖြစ်သလို စက်တပ်ဆင်အင်အားအနေနဲ့ ၁၉ ဆ ပဲဖြစ်ပါတယ်။ ယခု တင်ပြတဲ့ပုံကို ကြည့်လိုက်မယ်ဆိုရင် ဒီစီမံကိန်းကြီးတွေအားလုံး နောက် ၁၀ နှစ်လောက်ဆိုရင် ပြီးသွားလို့ရှိရင် ကျွန်တော်တို့နိုင်ငံတော်ပိုင်အနေနဲ့ကတော့ မဂ္ဂါဝပ် ၃၈၂၂ ခန့်သာရှိပြီး ၈ ရာခိုင်နှုန်းကျော်ကျော်ပဲ ရှိပါတယ်။ JV ဆိုပြီးတော့ နိုင်ငံခြားကုမ္ပဏီတွေနဲ့လုပ်တဲ့ လုပ်ငန်းကြီးတွေဟာ ၉၀ ရာခိုင်နှုန်းကျော်သွားပါတယ်။ အဲဒီတော့ ဒီနိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒအရ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ လက်ဝယ်တွင်ရှိရေးဆိုတာနဲ့ဆိုရင် ကျွန်တော်တို့နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေအတွက်ပါ ၁၀ ရာနှုန်းလောက်ပဲရှိနေပါတယ်။ နောင်တစ်ချိန်မှာ နိုင်ငံခြားကုမ္ပဏီတွေက JV ဆိုပြီးတော့ ပူးပေါင်းလုပ်မယ်ဆိုပြီးတော့ ထားတဲ့စီမံကိန်းတော်တော်များများ ကို ပြန်လည်ပြီးတော့ Review ပြန်လုပ်သင့်ပါတယ်။ ဘာဖြစ်လို့ ဒီလောက်အမြောက်အများဒီ မဂ္ဂါဝပ် ၄၃၀၀၀ ကျော်တစ်နိုင်ငံလုံးမှာ လုပ်မယ့်ဟာရဲ့ ၉၀ ရာခိုင်နှုန်းကို ကျွန်တော်တို့ JV လုပ်ခဲ့ရသလဲလို့ ဆန်းစစ်ကြည့်ရင် ကျွန်တော်တို့ မှာ Sanction ကြောင့် World Bank ၊ ADB တို့ဟာ ကျွန်တော်တို့ကို လုံးဝပိတ်ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ စိတ်ကူးကိုယ့်ဟာကိုယ် မလုပ်နိုင်တဲ့အခါ သက်ဆိုင်ရာ

တရုတ်ပြည်တို့ ၊ ထိုင်းနိုင်ငံတို့က တချို့နဲ့ JV လုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့ စေတနာနဲ့ဆောင်ရွက်ခဲ့တာတွေလည်း ဖြစ်မှာပါ။ ဒါပေမယ့် နိုင်ငံခြားကကုမ္ပဏီတွေရဲ့ ရာနှုန်းပြည့်မရှိးသားဘူးလို့ ထင်တဲ့အချက်တော့ တင်ပြပါရစေ။ ရေအားလျှပ်စစ်လုပ်မယ်ဆိုရင် ဦးစွာပထမ Free Feasibility Study ဆိုတဲ့ အကြိုလေ့လာပြီးလုပ်ရမယ်။ အကြိုလေ့လာမှု အောင်မြင်မှ Feasibility Study ဆိုတာကို လုပ်ရပါမယ်။ အဲဒီလိုလည်း ဖြစ်မြောက်နိုင်စွမ်းရှိတဲ့အခါမှ Detailed Design ဆိုတာ ထုတ်ရပါမယ်။ အဲဒီလို လုပ်ပြီးတဲ့အခါမှ ကုန်ကျစရိတ်ဆိုတာကို ခန့်မှန်းချေတွက်လို့ရတယ်။ အဲဒါမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိမလား၊ EIA တို့ လူမှုရေးကို ထိခိုက်မှုရှိသလား SIA တို့ ကျွန်တော်တို့က ထည့်တွက်ရသေးတယ်။ အဲဒါတွေ ပြည့်စုံလုံလောက်ပြီးမှ Project ဆိုတာ စရမယ်။ ဒါပေမယ့် တစ်ချို့နိုင်ငံခြားကုမ္ပဏီတွေဟာ မြေပုံပေါ်မှာ အကြမ်းဖျင်းဖတ်ရှုရုံလောက်နဲ့ Map Study လုပ်လောက်တယ်။ ဆိုက်ထဲကို သွားပြီး တစ်ပတ်နှစ်ပတ်ကြည့်ပြီးတယ်ဆိုရုံလောက် ကြည့်ပြီးတော့ အတိအကျမဟုတ်တဲ့ Design Report တွေနဲ့ လုပ်ပြီးတော့ နေရာဦးခြင်း၊ ဖျာခင်းခြင်းလုပ်တဲ့ကုမ္ပဏီတော်တော်များများ ရှိပါတယ်။ တကယ်တမ်း စီမံကိန်းအလုပ်လုပ်မယ့် ၄၄ ခု စုစုစမ်းရုံပဲ လုပ်ရင်တောင်မှ ပျားပန်းခတ်မျှ လုပ်နေရ မယ့်အချိန်မှာ တချို့လည်း ဘာမှမလုပ်သလိုနဲ့ နေရာဦးထားတဲ့လူတွေလည်း ရှိတယ်ဆိုတာကို ကျွန်တော်တို့ သိရှိရပါတယ်။ အဲဒီတော့ ဒါတွေကို တစ်နေ့ပြန်လည်မဆန်းစစ်ရင် ကျွန်တော်တို့က ဘယ်နိုင်ငံမှ နိုင်ငံခြားနဲ့ JV ၉၀ ရာခိုင်နှုန်း ပိုင်တဲ့လျှပ်စစ်အားဆိုတာ မရှိပါဘူး။ ကျွန်တော်တို့ အိမ်နီးချင်း ထိုင်းနိုင်ငံမှာ အီးဂရက်အဖွဲ့ဟာ ရာခိုင်နှုန်း ၅၀ လောက် ကျွန်တော်ပိုင်တယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းလောက်က တိုင်းရင်းသားကုမ္ပဏီတွေက ပိုင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံခြားနဲ့ ပိုင်တဲ့ JV အချိုးအစားက များလွန်းအားကြီးပါတယ်။ JV တွေမှာလည်း ကျွန်တော်တို့က Share မထည့်နိုင်တဲ့အတွက်ကြောင့် သူတို့ပေးတဲ့ Share တဲ့အတွက်ကြောင့် Board of Director မှာ ကျွန်တော်တို့ရတဲ့ဦးရေက အင်မတန်နည်းပါတယ်။ ဒါတွေကို တစ်နေ့ပြန်လည်ဆန်းစစ်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ နောက်ဆုံးကျွန်တော်နိဂုံးချုပ်ပြောပြလိုတာက ဒီလောက် Equipment ပေါ များသော၊ ကျွမ်းကျင်ဝန်ထမ်းတွေရှိသော ဌာနကြီးမှ လုပ်နိုင်၊ ကိုင်နိုင်တဲ့လုပ်ငန်းတွေကို တခြားကိုယ့်လောက်မလုပ်နိုင်တဲ့ တိုင်းရင်းသားကုမ္ပဏီနဲ့ နိုင်ငံခြားကိုလွှဲလိုက်မယ်ဆိုရင် ဌာနမှာရှိတဲ့ဝန်ထမ်း တော်တော်များများဟာ စိတ်ဓာတ်ကျပြီးတော့ အလုပ်ကထွက် ပြင်ပပုဂ္ဂလိက လုပ်တဲ့အလုပ်မှာသွားလုပ် ဒါမှမဟုတ်ရင် နိုင်ငံခြားကုမ္ပဏီမှာ သွားလုပ်ဆိုတာမျိုးတွေ ဖြစ်သွားနိုင်တဲ့အတွက်ကြောင့် တခြားကဏ္ဍနဲ့မတူတဲ့ လျှပ်စစ်ကဏ္ဍဟာ ကျွန်တော်တို့ လမ်းတို့၊ ဘာတို့ BOT ဆိုတာက ပုဂ္ဂလိက ကုမ္ပဏီလုပ်လို့ လွယ်ပါတယ်။ လျှပ်စစ်လုပ်လို့ မလွယ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျန်ရှိတဲ့ စီမံကိန်းကိုးခုကိုတော့ တိုင်းရင်းသားများကိုဖြစ်စေ၊ နိုင်ငံခြားကုမ္ပဏီများကိုဖြစ်စေ နိုင်ငံ့အကျိုးကိုကြည့်ပြီးတော့ ဆက်လက်မပေးရန် တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်အလေးအနက် တင်သွင်းခြင်း ဖြစ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်ကဦးဝင်းမြင့်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်က ဦးကြည်သာတင်သွင်းသွားတဲ့ လျှပ်စစ်ကိစ္စဟာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ကိစ္စတစ်ခု ဖြစ်တာကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကြီးမှာ ကျွန်တော်တို့ လက်ခံဆွေးနွေးရန် သင့်ပါကြောင်း ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကလည်း ရှင်းပါတယ်။ ဒါကို လက်ခံဆွေးနွေးရန် သင့်ကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြပါတယ်။ ဒါနဲ့ပတ်သက်လို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ကြွရောက်လာသော ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကြည်သာ အဆိုနှင့်ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ စီမံကိန်းတွေ ဆောင်ရွက်တဲ့အခါမှာ နည်းလမ်း ၃ ခုနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပထမနည်းလမ်းကတော့ ဝန်ကြီးဌာနမှကိုယ်တိုင်အကောင်အထည်ဖော် တည်ဆောက်ခြင်း ဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များအား BOT စနစ် အကောင်အထည်ဖော် တည်ဆောက်ခြင်း ဖြစ်ပါတယ်။ တတိယနည်းလမ်းကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ပြီးတော့ ပြည်ပကုမ္ပဏီများကို JV/BOT စနစ်အကောင်အထည်ဖော် တည်ဆောက်ခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဖော်ပြပါနည်းလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းများအနက် သောက်ရေချပ်(၂)စီမံကိန်း ၁၂၀ မဂ္ဂါဝပ်၊ မဏိပူစီမံကိန်း ၃၈၀ မဂ္ဂါဝပ်၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း ၁၀၅၀ မဂ္ဂါဝပ်၊ အထက်ရဲရွာရေအားလျှပ်စစ် စီမံကိန်း ၂၈၀ မဂ္ဂါဝပ်နှင့် သူဌေးရေအားလျှပ်စစ်စီမံကိန်း ၁၁၁ မဂ္ဂါဝပ်တို့လည်း အပါအဝင် ဖြစ်ပါတယ်။ သောက်ရေချပ်(၂) စီမံကိန်းကတော့ မကြာခင်မှာပဲ စတင်ပြီးတော့ စက်တစ်လုံးလည်ပတ်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်မှာရှိတဲ့ မဏိပူရေအားလျှပ်စစ်စီမံကိန်းဟာ ၃၈၀ မဂ္ဂါဝပ် ထွက်ရှိမှာဖြစ်ပြီးတော့ အမြင့်ဟာ ၅၂၇ ပေရှိပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်ကိုတည်တောက်ပြီးတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားပေးစက်ရုံနှင့် ဆက်နွယ်တဲ့ အဆောက်အဦးတွေ ဆောက်ရမှာ ဖြစ်ပါတယ်။ မဏိပူစီမံကိန်းဟာ ဘူမိဗေဒအနေအထားအရ ရှုပ်ထွေးပြီးတော့ နည်းပညာပိုင်းအသုံးချမှုမြင့်မားပြီးတော့ စိန်ခေါ်မှုလည်းရှိတဲ့ စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အဘက်ဘက်မှ စိစစ်သုံးသပ်ပြီး ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်ဖို့အတွက် ခေတ်မီနိုင်ငံတကာ နည်းပညာရပ်များလွှဲပြောင်းရယူရန်

လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနေနဲ့မိမိတို့ ကိုယ်တိုင်ဖန်တီးဆောင်ရွက်နိုင်ရန်အတွက်သော်လည်းကောင်း၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီနှင့် ကိုရီးယားနိုင်ငံကုမ္ပဏီတို့နှင့် ပူးပေါင်းပြီးတော့ ရင်းနှီးမြှုပ်နှံမှု တင်ပြလာခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်အရ ကျွန်တော်တို့ လောလောဆယ်မှာ နားလည်မှုစာချွန်လွှာ MOU အဆင့်ကိုပဲ လက်မှတ်ရေးထိုး ထားခဲ့ခြင်းဖြစ်ပါတယ်။ စီမံကိန်းဆိုင်ရာလက်မှတ်ရေးထိုးထားတဲ့ MOU ဟာ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းရှိ၊ မရှိကို စူးစမ်းလေ့လာရန်အတွက်သာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေလီ(၃) ရေအားလျှပ်စစ် စီမံကိန်းကို ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်မှာရှိပြီးတော့ ရွှေလီမြစ်ပေါ်မှာ အကောင်အထည်ဖော်တဲ့ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းဟာ မဂ္ဂါဝပ် ၁၀၅၀ ထွက်ရှိမှာ ဖြစ်ပြီးတော့ ကီလိုဝပ် နာရီသန်းပေါင်း ၃၃၀၀ ဓာတ်အားကွန်ရက်မှ ထုတ်လုပ်ဖြန့်ဖြူးမှာဖြစ်ပါတယ်။ ရွှေလီ(၃) စီမံကိန်းအား အထူးစီမံကိန်းများအကောင်အထည်ဖော်ရေး အစည်းအဝေးကလည်း ခွင့်ပြုပြီးဖြစ်ပါတယ်။ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ စူးစမ်းလေ့လာမှုများ ပြုလုပ်ရန်အတွက် အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့ဖြစ်တဲ့ ဆွမ်ဇလန်နိုင်ငံမှ AF Colanco နှင့် ဝန်ကြီးဌာနမှကျွမ်းကျင်သူ ပညာရှင် အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းဟာဆိုရင် ယခု ရေထုတ်ပြွန်လုပ်ငန်း၊ မြေကြီးကျောက်သားတူးဖော်ရေး လုပ်ငန်းများကို ဝန်ကြီးဌာနကနေပြီးတော့ အရှိန်အဟုန်နှင့်ဆက်လက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ အထက်ရဲရွာရေအား လျှပ်စစ် စီမံကိန်းဟာ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်မှာရှိပြီးတော့ မဂ္ဂါဝပ် ၂၈၀ ထွက်ရှိမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ကလည်း ခွင့်ပြုပြီး ဖြစ်ပါတယ်။ အထက်ရဲရွာစီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ၂၀၀၈ ခုနှစ်မှာ ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာနနှင့် AF Colanco တို့က ပူးပေါင်းပြီးတော့ လေ့လာခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် ဒီစီမံကိန်းကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနက ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူစီမံကိန်းတစ်ခုဖြစ်တဲ့ သူဌေးရေအား လျှပ်စစ်စီမံကိန်းကို ဆက်လက်ပြီးတင်ပြပါမယ်။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင် သံတွဲမြို့အနီးမှာရှိတဲ့ စီမံကိန်းဟာ မဂ္ဂါဝပ် ၁၁၁ တပ်ဆင်မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကိုလည်း ကျွန်တော်တို့ ဘူမိနက်သန် အသွင်အပြင်အလွန်ရှုပ်ထွေးပြီးတော့ ဥမင်လှိုင်ခေါင်းဆောင်ရွက်တဲ့အခါမှာ အခက်အခဲများစွာနှင့် ဆောင်ရွက်ခဲ့ရပြီး ၃ ကြိမ်တိတိ ပြန်လည်ဆောင်ရွက်ခဲ့ရပါတယ်။ ယခုအခါမှာ ဒီအခက်အခဲတွေအားလုံးကို ရင်ဆိုင်ကျော်လွှားပြီးတော့မှ ဥမင်လှိုင်ခေါင်းတူးတဲ့လုပ်ငန်းတွေ ပြီးပြီဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနကပဲ ဆက်လက်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခုရှင်းလင်း တင်ပြချက်များဟာ ဝန်ကြီးဌာနမှမိမိအစီအစဉ်နှင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းအချို့ အခြေအနေများကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ မဏိပူရေအားလျှပ်စစ်စီမံကိန်းဟာလည်း ဖြစ်မြောက်နိုင်စွမ်းရှိ၊ မရှိ လေ့လာရန်

အဆင့်ထိပဲ ကျွန်တော်တို့ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။ ကျန်စီမံကိန်းများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသော်လည်းကောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသော်လည်းကောင်း၊ နိုင်ငံသားလုပ်ငန်းရှင်များဟာ လွှဲပြောင်းလုပ်ပိုင်ခွင့်ပြုတဲ့ BOT စနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရန် ဆွေးနွေးစီစဉ်ထားခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် အဆိုရှင် ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးကြည်သာရဲ့အဆိုဟာ မြန်မာနိုင်ငံရဲ့ ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနာဂတ်ရေအားလျှပ်စစ်မျိုးဆက်သစ်ဝန်ထမ်းများအား အကူအညီပေးခြင်း ရည်ရွယ်ချက်ကောင်းဖြင့် တင်သွင်းသောအဆိုဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် တစ်စုံတစ်ရာ မှတ်ချက်ပြုရန်မရှိပါကြောင်းနှင့် ကောင်းမွန်သော အဆိုဖြစ်၍ မှတ်တမ်းတင်ထားရှိရန် လက်ခံသဘောတူပါကြောင်း တင်ပြရှင်းလင်းရင်း ကျွန်တော်တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းပြောကြားရန်ရှိက ပြောကြားပေးပါ။

**ဒေါက်တာခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရှင့်။ ကျွန်မကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဖြစ်ပါတယ်ရှင့်။ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာတင်ပြချက်နှင့်ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ရှင်းလင်းပြီးဖြစ်ပါတယ်။ ကျွန်မတို့ဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြလာတဲ့ စီမံကိန်းတွေကို စိစစ်ဖို့ပဲဖြစ်ပါတယ်။ စီမံကိန်းတွေကို စိစစ်တဲ့အခါမှာ အခုပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေနဲ့ သွားတဲ့အချက်အလက်တွေနဲ့ တွဲပြီးတော့မှ စိစစ်ပါတယ်။ (၁)ကတော့ သက်ဆိုင်ရာ Project ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကိစ္စ နှင့်ဆက်နွှယ်ပြီး စဉ်းစားမယ်ဆိုရင် ဒီစီမံကိန်းဟာ သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းနှင့် စွမ်းရည်ပြည့်လုပ်နိုင်မယ်ဆိုရင်တော့ ဒါစွမ်းရည်ပြည့်လုပ်နိုင်တဲ့အတွက် ဝန်ကြီးဌာနက တာဝန်ယူဖို့ဖြစ်ပြီးတော့ စွမ်းရည်မပြည့်ရင်တော့ ပုဂ္ဂလိကနှင့် တွဲဖက်လုပ်ကိုင်နိုင်မလားဆိုတာကို ပထမဦးဆုံးစဉ်းစားပါ။ စွမ်းရည်ပြည့် လုပ်ကိုင်နိုင်ပြီးတော့မှ တိုးချဲ့ဖို့အတွက် စဉ်းစားတဲ့ဟာကတော့ ဒုတိယအချက်ဖြစ်ပါတယ်။ ဒုတိယအချက်မှာ ငွေကြေးအရ ဘတ်ဂျက်ကိုပဲ မှီခိုနေရမယ်ဆိုရင် ငွေကြေးအရ ထည့်ဝင်နိုင်တဲ့ ပုဂ္ဂလိကကို စဉ်းစားမလား၊ လူအင်အားထည့်နိုင်တဲ့ ပုဂ္ဂလိကရဲ့ပံ့ပိုးမှုကို စဉ်းစားမလား၊ နည်းပညာပံ့ပိုးမှုကို စဉ်းစားမလားဆိုတဲ့ ဒီအချက်တွေကို ကျွန်မတို့စိစစ်ရပါတယ်ရှင့်။ အဲဒါပြီးတဲ့အချိန်မှာ နိုင်ငံတော်ရဲ့ အရေးကြီးဆုံးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစတဲ့အချက်အလက်တွေရယ်၊ လူမှုရေးအကျိုးရှိမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုစတဲ့ အချက်တွေကို သဘောထားမှတ်ချက်တွေယူပြီးတော့မှ ကျွန်မတို့အကုန်လုံးစုစည်းပါတယ်။ ဒီဟာ အားလုံးပြီးတဲ့အချိန်မှာ နောက်ဆုံးအချက်ကတော့ ဘာကို စိစစ်ပါလဲဆိုရင် စီးပွားရေးတွက်ခြေကိုက်မှုပါ၊ ကုန်ကျစရိတ်တွေ၊ နောက်တစ်ခါ အကျိုးမရှိတဲ့ ကိစ္စရပ်တွေ အများကြီးရှိပြီးတော့

မှ ရလဒ်ကနည်းမယ်ဆိုရင် စီမံကိန်းကို အကျိုးမရှိတဲ့ စီမံကိန်းအဖြစ် မှတ်ချက်ချပါတယ်။ ဒါပေမယ့်လည်း ဒီအကျိုးရှိတဲ့ရလဒ်ကများပြီးတော့မှ အခက်အခဲ ဒါမှမဟုတ်လို့ရှိရင် နိုင်ငံတော်ကို ထိခိုက်မှုအနည်းဆုံးရှိမယ် ဆိုရင်တော့ ဒီ Project ကို သက်ဆိုင်ရာ အထက်အဖွဲ့အစည်းတွေကို တင်ပြပြီးတော့မှ အတည်ပြုချက် ရယူပါတယ်။ အဲဒီတော့ ဒီနေရာတင်ပြချင်တာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြသွားတဲ့အတိုင်းပဲ နောက်တစ်ခါ ကိုယ်စားလှယ်ဦးကြည်သာ တင်ပြချက်အတိုင်းပဲ နိုင်ငံတော်အတွက် အကျိုးရှိမယ့် ကိစ္စရပ်တွေ အားလုံးအတွက် BOT စနစ် လုပ်တဲ့အခါမှာလည်း Project တွေတင်ပြလာမယ် ဆိုရင် ကျွန်မတို့ဝန်ကြီးဌာန အနေနဲ့လည်း သေချာစိစစ်ပါမယ်။ နောက်ဒီတင်ပြချက်ကိုလည်း ကျွန်မအနေနဲ့ သဘောတူပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာရဲ့ သဘောထားပြောပါ။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ကျွန်တော်ရဲ့ အဆိုကို ဝန်ကြီးဌာန ၂ ခုလုံးက သဘောတူတဲ့ အတွက်ကြောင့် ကျွန်တော် အထူးပြောစရာမရှိပါဘူး။ သဘောတူလက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ မှတ်တမ်းတင်ရန် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂွမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာက နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့်ရေအား လျှပ်စစ် စီမံကိန်းများကို ကုမ္ပဏီအဖွဲ့အစည်းများသို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့်စနစ် JV/BOT တို့နှင့် တိုင်းရင်းသားကုမ္ပဏီတို့ လုပ်ကိုင်သည့်စနစ် BOT ကျင့်သုံးရေးအတွက် လွှဲပြောင်းပေးအပ်ခြင်းမပြုရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကမှတ်တမ်းတင် ထားရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင် ဦးကြည်သာရဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောတူတဲ့အတွက် ဂွမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့အဆို လွှတ်တော်က မှတ်တမ်းတင်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကပထမအကြိမ် ပြည်သူ့လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်

မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပ မှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ။ ၁၃ း ၁၀

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၃ း ၁၀ အချိန်တွင် ရပ်နားပါသည်။ ]